# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 June 2022 ၁၀၇၇၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၂၁

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး၊ အဖွဲ့ဝင်များဖြစ်ကြသည့် စောစိန်ဝင်း၊ စောကျော်သန်းဌေးတို့ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးတို့ သဘောတူညီချက်များကို အတည်ပြု လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။

## ယနေ့ ဖတ်စရာ


**စစ်တွေမြို့၌ ဝေသာလီခေတ် ရှေးဟောင်းကြေးဆီမီးခွက်အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ** — စာမျက်နှာ » ၄

**ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည့် အိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံ ကုန်ကျ** — စာမျက်နှာ » ၁၃







**နယ်စပ်ဒေသ၊ သမ/ကျေးလက်နှင့် တိုင်းရေတို့သည်** — ဆောင်းပါး စာမျက်နှာ » ၈

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၈ ရာခိုင်နှုန်းရှိ** — စာမျက်နှာ » ၁၂


### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၂၁

| | | |
|---|---|---|
| ပေါက်တော | ၅ ဒသမ ၈၃ | လက်မ |
| ပုဏ္ဏားကျွန်း | ၃ ဒသမ ၃၂ | လက်မ |
| မြစ်ကြီးနား | ၂ ဒသမ ၇၂ | လက်မ |
| မြေပုံ | ၂ ဒသမ ၇၂ | လက်မ |
| ကျိုက်မရော | ၂ ဒသမ ၆၄ | လက်မ |
| မောင်တော | ၂ ဒသမ ၄၄ | လက်မ |
| ဘုရားသုံးဆူ | ၂ ဒသမ ၄၀ | လက်မ |
| မင်းပြား | ၂ ဒသမ ၃၆ | လက်မ |

ကြေးမုံ

# နိုင်ငံတိုးတက်စေမည့် စီးပွားရေးဦးတည်

စီးပွားရေးမူဝါဒပြောင်းလဲမှု သို့မဟုတ် ဈေးကွက်စီးပွားရေးစနစ် ဖြစ်တည်မှုသည် နိုင်ငံ၏ နိုင်ငံရေးပုံစံပြောင်းလဲမှု နှင့်ထက်ကြပ်မကွာ လိုက်ပါပြောင်းလဲနိုင်မှသာ ပြည်သူများ၏ စားဝတ်နေရေးနှင့် လူမှုဘဝများကို ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဆယ်စုနှစ်ကာလ ကြာမြင့်နိုင်မည်ဖြစ်သော်လည်း လက်ငင်းလိုအပ်ချက်နှင့် လိုက်လျောညီထွေရှိမည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်ကြရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးစိန်ခေါ်မှုများကြားမှ နိုင်ငံ့စီးပွား ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံ၏ လက်ငင်းလိုအပ်ချက်များဖြစ်သော ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး တစ်ချိန်တည်းတွင် နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိလာစေရန် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကြီးမားသောနိုင်ငံရေးစိန်ခေါ်မှုနှင့်အတူ ထပ်တူလိုက်ပါလာသော စီးပွားရေးပြဿနာများ ပြေလည်အောင်ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် တိုတောင်းလှသော အချိန်ကာလအတွင်း နိုင်ငံ့စီးပွားရေးကို ကြပ်ကြပ်မတ်မတ်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ခဲ့ရာ တိုးတက်မှုများရှိလာသည်ကို တွေ့ရသည်။ ယခင်ဒီမိုကရေစီအစိုးရ သက်တမ်းကာလအတွင်း ပြည်ပချေးငွေများနှင့် ကုန်သွယ်မှုလိုငွေများရှိခဲ့သည်။ တပ်မတော်က နိုင်ငံ့တာဝန်ကို ခေတ္တရယူထိန်းသိမ်းဆောင်ရွက်ပြီးနောက် နိုင်ငံရေးကိုအကြောင်းပြု၍ ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်လာခဲ့ရာ ဘဏ်လုပ်ငန်းများ တုံ့ဆိုင်းသွားခဲ့သည်။ စိုးရိမ်ပူပန်မှုများကြောင့် အပ်ငွေများကို ပြန်လည်ထုတ်ယူခြင်း၊ စီးပွားရေးအရ တိုက်ခိုက်ရန်အတွက် ဘဏ်များရှိငွေကြေးများကို ထုတ်ယူခြင်းနှင့် ငွေကြေးများကို သတ်မှတ်စည်းကမ်းများအတိုင်း ဆောင်ရွက်ခြင်းမပြုသောကြောင့် ငွေကြေးကဏ္ဍကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည်။

ယခုအခါတွင် ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်နေပြီဖြစ်သော်လည်း ပြည်သူများ၏ ပုံမှန်ဆောင်ရွက်မှု၊ ဘဏ်ဝန်ထမ်းများ အခက်အခဲရှိမှုများကြောင့် အသားတကျမဖြစ်သေးပေ။ သို့သော် အခြေအနေအရပ်ရပ်သည် တဖြည်းဖြည်း တိုးတက်မှုများရှိလာသည်ကိုတွေ့ရသည်။ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အစိုးရပိုင်အခန်းကဏ္ဍနှင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍတို့ရှိရာ အစိုးရအနေဖြင့် ကုန်သွယ်မှုပိုငွေများ ဖြစ်ပေါ်ခဲ့သော်လည်း ပုဂ္ဂလိက ကဏ္ဍတွင် ကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် စည်းကမ်းမလိုက်နာသော ပုဂ္ဂလိကလုပ်ငန်းများအား အမည်မဲစာရင်းဖြင့် အရေးယူဆောင်ရွက်ခဲ့ရသည်။

နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာရေး၊ ပုံမှန်လည်ပတ်ရေးအတွက် အစိုးရအနေဖြင့် သတိကြီးကြီးထားကာ စနစ်တကျဆောင်ရွက်ခဲ့ရသည်။ နိုင်ငံ့စီးပွားရေးပြန်လည်တိုးတက်လာစေရန်အတွက် ကုန်သွယ်မှုနှင့်ပတ်သက်၍ အချို့သော အဓိကမကျသည့် ကုန်ပစ္စည်းများတင်သွင်းမှုကို ထိန်းသိမ်းကြပ်မတ်ခဲ့ပြီး လိုအပ်သည့် ကုန်ပစ္စည်းများတင်သွင်းမှုကို ပြုလုပ်လျက်ရှိသည်။ ထိုသို့အဘက်ဘက်က စနစ်တကျဆောင်ရွက်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ၂၀၂၂ ခုနှစ် မေလအထိ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၁၄၀ သန်း ဖြစ်ပေါ်ခဲ့သည်။ ယခင်လက်ထက်များက ပြည်ပသို့ပေးဆပ်ရန် ချေးငွေများရှိနေသေးသဖြင့် ပြည်ပသုံးငွေ လျော့ကျပြီး နိုင်ငံ့ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်။

နိုင်ငံတစ်နိုင်ငံသည် မည်သည့်အခြေအနေရှိသည်ဖြစ်စေ စီးပွားရေးကောင်းမွန်မှသာ အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးကို အဓိကတွန်းအားပေးဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအရ အဘက်ဘက်တွင် စိန်ခေါ်မှုများ များစွာရှိသော်လည်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရန်အတွက် စီးပွားရေးကို အစွမ်းကုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပုဂ္ဂလိကကဏ္ဍတွင် ထိန်းသိမ်းကြပ်မတ်မှုများကို ဆောင်ရွက်ခြင်းများနှင့်အတူ ပုဂ္ဂလိကပို့ကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းစီးပွားရေး တိုးတက်လာစေရန် အားပေးဆောင်ရွက်ခြင်းနှင့် ပြည်ပသို့ ကုန်ကြမ်းများတင်ပို့ခြင်းထက် ကုန်ချောများတင်ပို့နိုင်အောင် ကြိုးစားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အခြေအနေကို မြန်မာနိုင်ငံသားများသာ အသိရှိဆုံးဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကို ကာကွယ်ရေးတွင် မြန်မာနိုင်ငံသားများသည် အဓိကဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဟု ဆိုထားသည်။ ယခုအခါ နှစ်ပေါင်း ၇၀ ကျော် မငြိမ်းချမ်းသော ပြည်တွင်းရေးကိစ္စများနှင့် ပြည်ပအရေးကိစ္စများ၏ အကျိုးဆက်များကို ပြည်သူများ လက်တွေ့ခံစားကြရသည်။ နိုင်ငံတော်ကို အချိန်ယူကာ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရမည်ဖြစ်သော်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ လက်ငင်းအကျိုးစီးပွားအတွက် နိုင်ငံတော်အစိုးရက ပထမဦးစားပေး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းမှုများတွင် အားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်သိုက်ထွန်း | ပါမောက္ခချုပ်<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ သန်းထွန်း | ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးဇော်မင်းထွန်း ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မအူပင်မြို့နယ်၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ထည့်သွင်းပွဲ ကျင်းပ



မအူပင် ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သူဌေးကုန်းကျေးရွာအုပ်စု တောင်သူဦးစန်းတင့်၊ ဒေါ်ခင်ခင်ချို၊ ကွင်းအမှတ် (၇၆၇)၊ ဦးပိုင် ၃/၁ ရှိ လယ်မြေ ကိုးကေပေါ်၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ သစ်စိမ်းမြေသြဇာထည့်သွင်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ မအူပင်မြို့နယ် ပန်းပင်စုကျေးရွာနှင့် သူဌေးကုန်းကျေးရွာတို့၌ သစ်စိမ်းမြေသြဇာ ၈၄ ဧက ထည့်သွင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၁ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၅၀၀ | ၇,၄၀၀ | ၁,၀၈၀ | ၈,၀၄၆,၉၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၁,၃၃၀ | ၃,၅၂၄,၅၀၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၁၃၅ | ၉၃၁,၅၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၄၈၅ | ၈,၄၈၇,၅၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၉၄ | ၂၃၉,၇၀၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၅ | ၁၂,၇၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁ | ၄,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၁၉၅၄.၈ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၇၆.၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၄၄၅ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၀.၆၅ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၆၉၅ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၀.၂ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၆.၀ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၇.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၂၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၁၆)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဇွန် ၂၂ ရက်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံက ဦးစီးကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးကြစဉ်။

☆ ရှေ့ဖုံးမှ

ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့် ပတ်သက်၍လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန်အချက်များနှင့်ပတ်သက်၍လည်းကောင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များအား ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြသည်။ ထို့နောက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား နှစ်ဖက်ဆွေးနွေးညှိနှိုင်းကြပြီး သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ်အဆင့်ရှိစောစတီးနှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားစာအုပ်၊ မှတ်တမ်းစာအုပ်များ၊ ခေတ်နှင့်အညီ ပြန်လည်ပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း(အတွဲ-၁)တို့နှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရခိုင်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများနှင့် တွေ့ဆုံ

**စစ်တွေ ဇွန် ၂၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ရခိုင်ပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် ဒေါ်နုမြဇံ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။




တွေ့ဆုံပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ လူဦးရေစာရင်းကောက်ယူပြီးစီးမှု၊ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာပြုစုရေးဆိုင်ရာများ၊ PR စနစ်ဖြင့် ရွေးကောက်ပွဲပြောင်းလဲကျင်းပပေးမည့် အခြေအနေ၊ မဲဆန္ဒရှင်စာရင်းများ ပြုစုရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်တိုင်းအစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ပါတီများကို ဥပဒေနှင့်အညီစစ်ဆေးနေမှု၊ ပါတီများကို စစ်ဆေးနေခြင်းသည်လည်း နောင်ရွေးကောက်ပွဲများတွင် မှန်မှန်ကန်ကန်ဖြစ်နိုင်ရေးအတွက် စစ်ဆေးနေမှု၊ ရွေးကောက်ပွဲအတွက် အမှားအယွင်းမရှိအောင် စီစဉ်နေမှု၊ ရခိုင်ပြည်နယ်တွင် လိုအပ်ပါက မဲရုံများ ထပ်မံတိုးချဲ့နိုင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရွေးကောက်ပွဲထပ်မံကျင်းပနိုင်ရေး တာဝန်ယူဆောင်ရွက်နေသည့်အတွက် ဌာနဆိုင်ရာများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ကိစ္စများကို ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ရွေးကောက်ပွဲအရာရှိ ဦးသူရိန်ထွဋ်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၏ ဝန်ထမ်းများခန့်အပ်ထားမှု၊ ရုံးအဆောက်အအုံမြေနေရာရရှိမှုနှင့် မဲစာရင်းပြုစုရန်အတွက် လိုအပ်သောလူဦးရေစာရင်းပြုစုပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ရခိုင်ပြည်နယ်တာဝန်ခံ ဒေါ်နုမြဇံက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် စစ်တွေမြို့၌ ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြတောင်းခံထားသည့် မြေနေရာသို့လည်းကောင်း၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ စစ်တွေခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် စစ်တွေမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့လည်းကောင်းသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ ဝေသာလီခေတ် ရှေးဟောင်းကြေးဆီမီးခွက်အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**စစ်တွေ ဇွန် ၂၁**

သမိုင်းသုတေသီကျောက်စာဝန် ဦးစံရွှေဘု ထိန်းသိမ်းထားခဲ့သော ဝေသာလီခေတ် ရှေးဟောင်း ကြေးဆီမီးခွက်အား လက်ခံထိန်းသိမ်းခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်နုမြဖံ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ပြတိုက်ပညာရှင် ဦးတင်အောင်စိုး (ညွှန်ကြားရေးမှူး-ငြိမ်း) တို့က ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး ကော်မတီ ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။

ဦးစွာဝေသာလီခေတ်ရှေးဟောင်းကြေးဆီမီးခွက် အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဒေါ်နုမြဖံ၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ပြတိုက်ပညာရှင် ဦးတင်အောင်စိုးတို့က ရခိုင် ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရာ ရခိုင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက လက်ခံရယူပြီး ရခိုင်ယဉ်ကျေးမှုအကအဖွဲ့က ဆီမီး ခွက်အက ဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင် စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုမြဖံနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားသည်။ ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီး ဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ပြတိုက်ပညာရှင် ဦးတင်အောင်စိုးက အလှူရှင်မိသားစုကိုယ်စား လှူဒါန်း ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့ က သျှင်ဒိုင်အကဖြင့်လည်းကောင်း၊ မဟာနွယ်အက ဖြင့်လည်းကောင်း ကပြဖျော်ဖြေကြသည်။



အဆိုပါ ဝေသာလီခေတ် ကြေးဆီမီးခွက်သည် အေဒီ ၃ ရာစုနှင့် ၈ ရာစုအကြား ဝေသာလီခေတ် တွင် ကြေးဝါဖြင့် သွန်းလောင်းခဲ့ပြီး အောက်ခံခုံ ခြေရင်းမှ အရပ်ဦးစွန်းအထိ ကိုးလက်မ အမြင့်ရှိကာ အောက်ခံခုံပေါ်တွင် “ အယနာ ကောင်းမှုတော်” ဟု ရက္ခဝဏ္ဏ အက္ခရာဖြင့် ရေထိုးထားသည့် ရှေးဟောင်း သမိုင်းဝင်လက်ရာတစ်ခုဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လူမှုရေးပညာဆိုင်ရာဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၁**

လူမှုရေးပညာဆိုင်ရာ ဝန်ထမ်းများ စွမ်းဆောင် ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ နည်းပြ များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက် ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လူမှု ရေးပညာနှင့် လူမှုဝန်ထမ်းလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးသည် မိမိတို့ဝန်ကြီးဌာန၏ ဦးစားပေး လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အတွက် ကျွမ်းကျင်



ဝန်ထမ်းများ မွေးထုတ်ရန်လိုကြောင်း၊ ကျွမ်းကျင်မှု ဆိုရာတွင် စိတ်နေစိတ်ထားသည်လည်း အရေးကြီး ကြောင်း၊ ပြည်သူများ၏အခက်အခဲများကို ကူညီ ဖြေရှင်းရာတွင် လိုက်နာရမည့်ကျင့်ဝတ်(Ethics) များနှင့်အညီ ကရုဏာစိတ်၊ ကိုယ်ချင်းစာစိတ်တို့ဖြင့် အလုပ်လုပ်ရန် လိုအပ်ကြောင်း၊ ယနေ့သင်တန်းမှ ပို့ချသွားမည့် လူမှုရေးပညာ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ၊ အတွေ့အကြုံများကို အခြေခံ၍ လူမှုဝန်ထမ်းလုပ်ငန်းရပ်များနှင့် လူမှုရေးဝန်ဆောင် မှုများ ပိုမိုကောင်းမွန်စွာ ပံ့ပိုးပေးနိုင်သော၊ အရည်အချင်းပြည့်ဝ၍ လုပ်ငန်းကျွမ်းကျင်သော၊ စွမ်းဆောင်ရည်မြင့်မားသော၊ စောင့်ထိန်းလိုက်နာ ရမည့် ကျင့်ဝတ်နှင့်ညီညွတ်သော လူမှုဝန်ထမ်း ကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လူမှုဝန်ထမ်းများ အနေဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာ၊ အကြင်နာ စသည့် နာ (၅) နာနှင့်အညီ ပြည်သူ့အကျိုး ပြုလုပ်ငန်းများကို ဖော်ဆောင်ပေးခြင်းဖြင့် မိမိဌာန၊ မိမိ နိုင်ငံအတွက် အကျိုးပြုနိုင်သော ဝန်ထမ်းကောင်း များဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၂၁ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားစုစုပေါင်း ၂၇ ဦး တက်ရောက်လျက်ရှိကြောင်း၊ သင်တန်းဖွင့်လှစ်ခြင်း ဖြင့် ဝန်ထမ်းများ၏ လူမှုရေးပညာရပ်ဆိုင်ရာ ခံယူ ချက်၊ အသိပညာများ ပြည့်ဝလာပြီး လူမှုအကျိုးပြု လုပ်ငန်းများကို ပိုမိုမြှင့်တင်ဖော်ဆောင်နိုင်မည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# သဃ်န်းကျွန်းမြို့နယ်၌ မိုးရာသီ အခြေခံ အားကစားသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဒဂုံတောင် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီ အခြေခံအားကစားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သဃ်န်းကျွန်းပညာရေး ဒီဂရီကောလိပ်ရှိ ပညာနေခြည်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ သဃ်န်းကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက အဖွင့်အမှာ စကား ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၂၂ ရက်မှ ဇူလိုင် ၂၃ ရက်အထိ တစ်လကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းတွင် တိုက်ကွမ်ဒို၊ ဘောလုံးနှင့် အေရိုးဗစ်အားကစားနည်းများပါဝင်ကာ အားကစားနည်းများကို ရက်သတ္တ တစ်ပတ်လျှင် သုံးရက်တိတိ နံနက် ၆ နာရီခွဲမှ ရှစ်နာရီအထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# စီမံကိန်းများ မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းများ ဆောင်ရွက်

**တိုက်ကြီး ဇွန် ၂၁**

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း လုပ်ငန်း များကို ဇွန် ၁၀ ရက်မှ ၂၀ ရက် အထိ သက်ဆိုင်ရာကျေးရွာများ အလိုက် ကွင်းဆင်းဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်း များအလိုက် သတ်မှတ်အချိန် ကာလအတွင်း အကောင်အထည် ဖော် ဆောင်ရွက်နိုင်ရေး ရှင်းလင်း ဆွေးနွေးကြသည်။ ကျေးရွာ ကော်မတီဝင်များအား ကျေးရွာ ပြည်သူများ၏ အများသဘော ဆန္ဒနှင့်အညီ ရွေးချယ်အတည်ပြု ဖွဲ့စည်းပေးခဲ့ကြောင်း သိရ သည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

■

# ကော့သောင်းမြို့နယ်၌ မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုး

**ကော့သောင်း ဇွန် ၂၁**

ကော့သောင်းမြို့နယ်၌ ၂၀၂၂ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းအစီအစဉ်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ရွှေပြည်စိုးကျေးရွာရှိ တောင်သူဦးထင်ကျော် စိုက်ပျိုးထားသော နေဗီယာမြက်နှင့် ရိုစီမြက်တစ်ကေအား ဒေသဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အတူ ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ တိရစ္ဆာန်အစာပင်ဖြစ်သည့် နေဗီယာမြက်နှင့်ရိုစီမြက်များ စိုက်ကေသည် ကော့သောင်းမြို့နယ်အတွင်း ၁၄ ဒသမ ၈၅ ကေခန့် ရှိကြောင်း သိရသည်။

**ဖြိုးပိုင်ဦး(ပြန်/ဆက်)**



## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့်လုပ်ငန်းများတွင် လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ၂၀၂၃ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

၂၀၂၃ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များတွင်ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများသို့ လျှောက်ထားလိုသူများသည် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပါက မိမိတက်ရောက်လိုသော တက္ကသိုလ်များသို့ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို (၁၉-၈-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ တိုက်ရိုက်ပေးပို့ လျှောက်ထားနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page နှင့် Website တို့တွင်လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင်လည်းကောင်း၊ သက်ဆိုင်ရာတက္ကသိုလ်များ၏ Website များတွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုကောင်စီ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၂) ကျင်းပ

**နေပြည်တော် ဇွန် ၂၁**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၂)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)နှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗဟိုကောင်စီဝင် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ဗဟိုကောင်စီဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



**ရည်ရွယ်ချက်(၄)ရပ်ကိုအခြေခံ**

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ တန်းတူပြိုင်တူဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားများအဖြစ် တာဝန်သိသိဖြင့် ပါဝင်ဆောင်ရွက်ရန်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာဖြင့် အချင်းချင်းအပြန်အလှန်အကူအညီပေးရန်၊ နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် စုစည်းညီညွတ်စွာဖြင့် ပါဝင်ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်(၄)ရပ်ကို အခြေခံလျက် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့သည် ပါတီနိုင်ငံရေးအနှောင်အဖွဲ့ကင်းပြီး မိမိတို့ကိုယ်တိုင် ဆန္ဒပြုလျှောက်ထားသည့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အမျိုးသားအကျိုးစီးပွား ကာကွယ်သည့်လုပ်ငန်းများကို လွတ်လွတ်လပ်လပ်ဂုဏ်သိက္ခာရှိရှိဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း။

မိမိတို့အဖွဲ့ကြီး၏ အခြေခံသည် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များပင်ဖြစ်ကြောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များ၏ အရည်အသွေးတိုးတက်ကောင်းမွန်မှသာ တိုင်းဒေသကြီး/ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ တိုးတက်ကောင်းမွန်မည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးလည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီး/ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များအနေဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ရည်ရွယ်ချက်(၄)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ်၊ လုပ်ငန်းကဏ္ဍကြီး(၅)ရပ်ကို အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ညီလာခံ (၂၀၂၁) တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်များကိုလည်း တစိုက်မတ်မတ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ယခုအခါ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို တပ်မတော်နှင့်ပူးတွဲ၍ ထမ်းဆောင်နေကြရသည့်အတွက် မိမိအနေဖြင့် များစွာလေးစားဂုဏ်ယူမိပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများကို သုံးသပ်လျက် တာဝန်ပေးအပ်လာသည့်အခါ တာဝန်ယူနိုင်ရန်အတွက်လည်း တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းလိုက်သော်လည်းကောင်း ပြင်ဆင်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များတွင် လုပ်ငန်းအဖွဲ့များဖွဲ့စည်းရေး၊ နယ်မြေကြီးကြပ်ရေးတာဝန်ခံများခန့်အပ်ရေးနှင့် လစ်လပ်တာဝန်နေရာများကို ပူးတွဲထမ်းဆောင်ရေးစာတမ်းအား ဗဟိုအမှုဆောင်အဖွဲ့ အတွင်းရေးမှူးက ဖတ်ကြားတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များ၊ စစ်ဆေးတွေ့ရှိချက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟိုအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရသုံးမှန်းခြေငွေစာရင်းကို ဖတ်ကြားခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ ဗဟိုကောင်စီဝင်များနှင့် ဗဟိုကောင်စီဝင် တပ်မတော်အရာရှိကြီးများက ၎င်းတို့၏လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာများကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဖတ်ကြားတင်ပြခြင်းများ ဆောင်ရွက်ကြပြီး ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ ဗဟိုအမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာသူများက အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့တွင် လုပ်ငန်းအဖွဲ့များဖွဲ့စည်းရေး၊ နယ်မြေကြီးကြပ်ရေးတာဝန်ခံများခန့်အပ်ရေးနှင့် လစ်လပ်တာဝန်နေရာများကို ယာယီပူးတွဲထမ်းဆောင်ရေးတို့နှင့် သက်ဆိုင်သည့် စာတမ်းများကို အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းများ ဆောင်ရွက်ကြပြီး သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှည်းကူးမြို့နယ်၌ မုန့်အမျိုးမျိုးပြုလုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ

**လှည်းကူး ဇွန် ၂၁**

ရန်ကုန် မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မုန့်အမျိုးမျိုးပြုလုပ်နည်းသင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် လှည်းကူးမြို့နယ် ကျောက်အိုင်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာစိုးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ ကျောက်အိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသားသင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ပြီး မုန့်အမျိုးမျိုးပြုလုပ်နည်းများကို စာတွေ့လက်တွေ့ ရက်သတ္တတစ်ပတ်ကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

## သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ်ခြင်း ကျင်းပ

**ထန်းတပင် ဇွန် ၂၁**

ထန်းတပင်မြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထယ်ထိုးမြေမြှုပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မင်္ဂလာကျေးရွာအုပ်စုရှိ တောင်သူဦးမြင့်စိုး၏လယ်ကွက်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တောင်ဥက္ကလာပ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မင်းထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)စိုက်ပျိုးရေးနည်းလမ်းများနှင့်ပတ်သက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုစိုးက ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သစ်စိမ်းမြေဩဇာပင်များအား လယ်ထွန်စက်ဖြင့် ထယ်ထိုးမြေမြှုပ်ခြင်းကို လေ့လာကြည့်ရှုသည်။ ထန်းတပင်မြို့နယ်တွင် ကျေးရွာအုပ်စု ၁၃ စုအတွင်း တောင်သူ ၁၁၇ ဦးဖြင့် စိုက်ဧရိယာ ၃၅၇ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# မိဘ၊ ဆရာ ကျောင်းသားလူငယ်များ လောကကို အလှဆင်ရာဝယ်...

## ဒေါက်တာ မောင်ကျော်၊ ပါမောက္ခချုပ် (ငြိမ်း)

လူတို့နေတဲ့ ကမ္ဘာဟာ ကျွန်းစုတွေလို လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ၊ အယူဝါဒ၊ ဂုဏ်ပကာသန၊ ကျား/မ ဆိုပြီး ခွဲခြားထားတဲ့သဘောရှိတယ်။ မိမိကိုဗဟိုပြုခြင်းကို ကြည်နူးတတ်ကြပါတယ်။ ဘဝချင်းမညီ၊ အလွှာချင်း၊ ဝါဒချင်းမတူ စတဲ့အကြောင်းတရားတွေကြောင့် တစ်ဦးနဲ့ တစ်ဦး၊ အဖွဲ့အစည်းအသင်းအပင်းတို့ရဲ့ ပေါင်းသင်းဆက်ဆံမှုပုံသဏ္ဌာန်တွေဟာ ခြားနား၊ တစ်ဦးနဲ့တစ်ဦး အထင်အမြင်သေး၊ မထီမဲ့မြင်၊ မတူမတန်၊ မလေးမစား၊ အဆင့်အတန်းခွဲခြားမှုတွေ ဂိုဏ်းဂဏကွဲပြားခွဲခြားတဲ့သဘောကို တွေ့ရတတ်ပါတယ်။

**(ယမန်နေ့မှအဆက်)**

**စည်းမျဉ်းစည်းကမ်း အသင်းအဖွဲ့ရဲ့စိတ်ဓာတ်**

အားကစားတစ်မျိုးရဲ့ပြိုင်ပွဲတိုင်းမှာ သတ်မှတ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ ပါလာစမြဲဖြစ်ပါတယ်။ အားကစားသမားတိုင်းဟာ မပျက်မကွက် မမေ့မလျော့လိုက်နာရပါတယ်။ အားကစားလုပ်ခြင်းဟာ စိတ်ပိုင်းဆိုင်ရာမှာ နိုးကြားတက်ကြွပြီး ထက်မြက်နေတာတွေ့ရပါတယ်။ အကြံဉာဏ်တွေကို လက်ခံနိုင်စွမ်း၊ ကြိုးဆိုတဲ့စိတ်ထားရှိလာကြတယ်။ တစ်ဦးရဲ့အရည်အချင်းကို တစ်ဦးက တန်ဖိုးထားလေးစားလေ့ရှိကြတယ်။ နှစ်ယောက်ကစ၊ ဆယ့်တစ်ယောက်ထိ ကစားသမားတွေပါဝင်တဲ့ အားကစားပွဲတွေမှာ အသင်းအဖွဲ့ရဲ့စိတ်ဓာတ် (Team Spirit)၊ ကစားဖော်ကစားဖက်စိတ်ဓာတ်ကို တည်ထောင်ပေးနိုင်ပါတယ်။ သိပ္ပံသဘောတရားနဲ့ လက်တွေ့သုံးခြင်းအားဖြင့် တစ်ဦးနဲ့တစ်ဦး အချိတ်အဆက်မိမိနားလည်မှုတွေရရှိစေပါတယ်။ အမူအကျင့်၊ အလေ့အထနဲ့ သဘောထားတွေကို မေ့နေလို့မဖြစ်၊ ဒီလိုအလေ့အထတွေကို၊ အခြေခံကျောင်းတွေက တက္ကသိုလ်ရောက်သည်အထိ ပွားများအောင်၊ တိုးတက်အောင်လုပ်ကြရမယ်။ လုပ်ငန်းခွင် လူထုထဲရောက်သွားမယ်ဆိုရင်လည်း ဒါတွေပါသွားရမယ်။ ဒီလိုနားလည်မှုအပြည့်နဲ့ အတူတကွပူးပေါင်းကစားခြင်းဆိုတဲ့စိတ်ထားဟာ လက်တွေ့မြေပြင်လူ့ဘဝလျှောက်လှမ်းကြတဲ့အခါ အလွန်တာသွား၊ အခရာကျတာတွေ့ရပါတယ်။ ဘယ်လိုအားကစားမျိုးမဆို ကြိုတင်ပြင်ဆင်မှုတွေ လုပ်ကြရပါတယ်။ အထပ်ထပ်အခါခါ လေ့ကျင့်ကြရပါတယ်။ ခေါင်းဆောင်ရဲ့အရည်အသွေး အရည်အချင်းတွေကို အားကစားက ဖော်ဆောင်ပေးလေ့ရှိတယ်။အားကုန်လေ့ကျင့်ကြရပါတယ်။ သည်းညည်းခံစိတ်ရှိရပါမယ်၊ ဖွဲ့ကောင်းရမယ်ဆိုတာ သူတို့နားလည်ကြတော့ ဘဝခရီးမှာ အထောက်အကူပြုတော့တာပါပဲ။

**လုပ်ငန်းခွင်ထဲရောက်တဲ့အခါ**

လူ့လောကလုပ်ငန်းခွင်မှာ လူမျိုးစုံ၊ အတွေးအခေါ်အမြင်မျိုးစုံ၊ အထက်အောက်ဆက်ဆံမှုတွေ၊ စည်းမျဉ်းစည်းကမ်း၊ စံသတ်မှတ်ချက်တွေရှိတဲ့ လုပ်ငန်းခွင်ထဲရောက်တဲ့အခါ အားကစားလုပ်တဲ့သူတွေဟာ ပို၍အံဝင်ခွင်ကျဖြစ်တာ တွေ့ရတယ်လို့ ဆိုပါတယ်။ လုပ်ငန်းခွင်တွေမှာ တင်းမာမှုတွေနဲ့ စိန်ခေါ်မှုတွေရှိတဲ့အခါ အခက်အခဲပြဿနာတွေ ကြုံလာတဲ့အခါမှာ စိတ်အေးလက်အေးထား၊ အလုပ်ကိုပျော်ပျော်ရွှင်ရွှင်နဲ့ ထမ်းရွက်၊ ဘယ်အကွေ့မှာ ဘယ်လိုတက်နဲ့လှော်ရမယ်။ ဘယ်လိုဂီယာထိုးရမယ်ဆိုတာ သူတို့ပိုသိကြတယ်လို့လည်း ဆိုပါတယ်။

**ပြိုင်ပွဲမမေ့ပါနဲ့**

အားကစားပီသသူတစ်ဦးဟာ ပြိုင်ပွဲတိုင်း အမြဲတမ်းနိုင်ရမယ်လို့ ခံယူထားခြင်းမရှိ။ ထို့ကဲ့သို့ပဲ ပြိုင်ပွဲတိုင်း အမြဲတမ်းရှုံးမနေဘူးဆိုတာလည်း သိကြတယ်။ ရှုံးတော့မယ့်အရေး မြင်နေတာတောင် စိတ်ဓာတ်မကျ၊ စိတ်ထားမယိုမယွင်းတဲ့ စိတ်ထားပဲဖြစ်ပါတယ်။ အားကစားလုပ်ခြင်းမှရတဲ့ သင်ခန်းစာတစ်ခုကတော့ အတိတ်ကအမှားမျိုး နောက်ထပ်မမှားဖို့ဆိုတာပဲ ဖြစ်ပါတယ်။ အားကစားယှဉ်ပြိုင်ပွဲတွေဟာ ကျောင်းတွေ၊ ကျေးရွာဘုန်းကြီးကျောင်းတွေနဲ့ တက္ကသိုလ်ကောလိပ်တွေမှာ လွှမ်းရင်စိတ်ချမ်းသာစရာကောင်းပါပြီ။ ကျေနပ်လောက်တဲ့အဆင့်ကို ရောက်ပြီလို့ ပြောနိုင်ပါတယ်။ ဘာကြောင့်ပြောနိုင်ရလဲဆိုရင်–

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ အိုင်ကျူ (IQ)မြင့်သလို တိုးတက်မှုတွေရှိခဲ့ပါတယ်။ အများအားဖြင့် ဂဏန်းပေါင်းစက်မှာ အာရုံစိုက်နေကြပါတယ်။ လိုအပ်တာထက် လောဘတွေကြီးနေတယ်ဆိုတဲ့ အမြင်ဝါဒ ဖြစ်ပါတယ်။ မိသားစုတန်ဖိုးနဲ့ ပြည်သူလူထုအချင်းချင်း ကူညီရိုင်းပင်းပေါင်းသင်းကြတဲ့ တန်ဖိုးတွေ မေ့နေတတ်ကြပါတယ်။ ပြုံးဖို့မေ့နေတဲ့သူတွေ ရှိနေတတ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး မေတ္တာတရားရှေ့ထားပြီး ဆက်ဆံဖို့မေ့နေတတ်ပါတယ်။

ဂျပန်အမျိုးသမီး မာရသွန်ရွှေတံဆိပ်ဆုရှင် တာကာဟာရှိနာအာကို (Takahas Shi Naoko) ဟာ မျက်နှာလေးပြုံးကာ "ကျွန်မပန်းတိုင်ဆုံးထိ ရောက်နိုင်ခြင်းမှာ များစွာသောပရိသတ်ရဲ့ အကူအညီအထောက်အပံ့ အားပေးမှုကြောင့်ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်" လို့ ရုပ်သံသတင်းထောက်ကို ဖြေလိုက်ပါတယ်။ ဂျပန်အားကစားသမားများဟာ ယေဘုယျအားဖြင့် တိုင်းပြည်အတွက် ယှဉ်ပြိုင်ခြင်းမဟုတ်။ များစွာတို့မျှော်လင့်သည်မှာ အားကစားပွဲတွေက ဂျပန်လူမျိုးတို့ရဲ့ သွင်ပြင်စရိုက်လက္ခဏာကို ကောင်းသည်ထက်ကောင်းအောင် ပြသရန်ဖြစ်ကြောင်းလို့ ဆိုပါတယ်။

> **အားကစားလိုက်စားသူတို့ဟာ ကျန်းမာစေတဲ့အစားအသောက်ရဲ့ အရေးကြီးပုံ၊ အနားယူအိပ်စက်ခြင်းရဲ့ အရေးကြီးပုံကို သိရှိလာကြတယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၊ ကိုယ်ကျင့်စရိုက်လက္ခဏာကောင်းမွန်ရေး၊ တာဝန်ယူမှု၊ ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုးရေး၊ ပူးပေါင်းဆောင်ရွက်မှု စိတ်ထားပေါ်ပေါက်ရေး၊ ထူးခြားတဲ့စဉ်းစားဆင်ခြင်မှု၊ အနစ်နာခံမှု၊ နိုင်ငံသားတစ်ယောက်ရဲ့အဓိပ္ပာယ်၊ နိုင်ငံချစ်စိတ် အမျိုးသားရေးစိတ်ဓာတ်တွေကိုလည်း အားကစားတစ်မျိုးမျိုးပြုလုပ်ခြင်းက ရနိုင်တာကြောင့် မြန်မာအခြေခံပညာကျောင်း၊ ကောလိပ်နဲ့ တက္ကသိုလ်တွေမှာ စာသင်ချိန်အပြီး ကိုယ်လက်လှုပ်ရှားအားကစားနည်းတွေကို လုပ်ကြခြင်းဖြင့် လောကကို အလှဆင်ပေးရာရောက်ပါတယ်**

**မီတာတစ်ရာပြေးပွဲ ကမ္ဘာ့စံချိန်တင်သူများ**

မီတာတစ်ရာ ကမ္ဘာ့စံချိန်တင်သူ ဂျမေကာနိုင်ငံသား ယူစိမ်းဘို့ (Usain Bolt)ဟာ အရပ်မြင့်မြင့် သန်မာထွားကြိုင်းသူ၊ ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့က ဂျာမနီနိုင်ငံ ဘာလင်အားကစားကွင်းမှာ မီတာတစ်ရာအပြေးပြိုင်ပွဲကို ၉ ဒသမ ၅၈ စက္ကန့်နဲ့ ကမ္ဘာ့စံချိန်ကို တင်ခဲ့ပါတယ်။ ယနေ့အထိ သူ့စံချိန်ကို ချိုးနိုင်သူမရှိသေးပါဘူး။ ပြိုင်ဘက် ဂျမေကာနိုင်ငံသား ယိုဟန်ဘလိတ် (Yohan Blake) နဲ့ အမေရိကန်နိုင်ငံသား တိုက်ဆမ်ဂေး(Tyson Gay) က ၉ ဒသမ ၆၉ စက္ကန့်စံချိန်မှာပဲ ရှိနေပါတယ်။ ဒီလိုတာတိုပြိုင်ပွဲမှာ အကူပြုလေတိုက် ကန့်သတ်စံနှုန်းဟာ တစ်စက္ကန့် ၂ မီတာထက် မပိုစေရပါဘူး။ အားကစားကွင်းထဲမှာ အယ်နီမိုမီတာ (Anemo–meter)နဲ့ တိုင်းတာဖြစ်ပါတယ်။ ယူစိမ်းဘို့ ကမ္ဘာ့စံချိန်တင်ခဲ့တဲ့ ဘာလင်အားကစားကွင်းမှာ အကူပြုကန့်သတ်လေတိုက်စံနှုန်းဟာ တစ်စက္ကန့် သုည ဒသမ ၉ မီတာ ရှိခဲ့တာကြောင့် သူ့စံချိန်ဟာအံ့မခန်းလောက်စရာဖြစ်ခဲ့ပါတယ်။

အမျိုးသမီးမီတာတစ်ရာပြေးပွဲမှာ ကမ္ဘာ့စံချိန်တင်ခဲ့သူ သုံးဦးရှိခဲ့ပါတယ်။ ရုရှားနိုင်ငံသူ အရီနာပရီဗာလိုဗာဟာ ၁၉၉၄ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့က ဘာလင်အားကစားကွင်းမှာ မီတာတစ်ရာအပြေးပြိုင်ပွဲကို ၁၀ ဒသမ ၇၇ စက္ကန့်နဲ့ စံချိန်တင်ကာ ကမ္ဘာ့အမြန်ဆုံးပြေးခဲ့သူ အမျိုးသမီး၊ သူ့ရဲ့စံချိန်ကို ချိုးနိုင်ခဲ့သူနှစ်ဦးဟာ ဂျမေကာနိုင်ငံသူ အီလိန်းသွမ်ဆမ်–ဟီရာ (Elaine Thomson–Herah) ဟာ ဂျပန်နိုင်ငံ တိုကျို အားကစားကွင်းမှာ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့က ၁၀ ဒသမ ၅၄ စက္ကန့်နဲ့လည်းကောင်း၊ အမေရိကန်နိုင်ငံသူ ဖလောရင့်ဂရစ်ဖက်သ်ဂျိုင်နာ (Florence Griff–eth– Joyner) ဟာ အမေရိကအင်ဒီယာနာပိုလစ် (INDIANAPOLIS) အားကစားကွင်းမှာ ၁၀ ဒသမ ၄၉ စက္ကန့်နဲ့ ပြေးခဲ့တဲ့စံချိန်ဟာ ယနေ့အထိ စံချိန်မကျိုးသေးတာ တွေ့ရပါတယ်။

အံ့သြဖွယ်ရာကောင်းတာက မီတာတစ်ရာအပြေးပြိုင်ပွဲမှာ ကမ္ဘာ့စံချိန်တင်သူ အမျိုးသားနဲ့ အမျိုးသမီးနှစ်ဦးစလုံးဟာ ဂျမေကာနိုင်ငံသားများဖြစ်တာကို တွေ့ရပါတယ်။ ကမ္ဘာ့စံချိန်ကို ချိုးခဲ့ကြတဲ့ အားကစားသမားတို့ဟာ လေ့ကျင့်မှုပြင်ဆင်မှု၊ လုံ့လဝီရိယ ဘယ်လိုထားရမလဲဆိုတာ စဉ်းစားလို့ရပါတယ်။ သံန္နိဋ္ဌာန်ချပြင်းပြကြံ့ခိုင်တဲ့ စိတ်ဓာတ်၊ ရည်မှန်းချက်၊ စည်းကမ်းလိုက်နာမှု၊ ကန့်သတ်တဲ့ဆေးဝါးသုံးစွဲကင်းရှင်းမှုလိုအပ်ပုံ၊ ရှောင်ရန်ဆောင်ရန်သတိတွေ ဘယ်လောက်လိုအပ်မယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်။

မော်စကိုတက္ကသိုလ်က ဂျာနယ်လစ်ဇင်ဘွဲ့ရ မီတာ ၁၀၀ ရုရှားအားကစားမယ် အရီနာပရီဗာလိုဗာ (Arina Privalova)ဟာ အသက် ၂၉ နှစ်အရွယ် ဥရောပရဲ့ပြိုင်ပွဲတွေမှာ အမြန်ဆုံးပြေးနိုင်တဲ့ အမျိုးသမီးတစ်ဦး ဖြစ်ခဲ့ပါတယ်။ တက္ကသိုလ်ဝင်းအတွင်း ရှေးအကျဆုံးအားကစားကွင်းမှာ အရီနာပရီဗာလိုဗာကို NEWSWEEK က မေးရာမှာ –

မေး။ နိုင်ငံတကာအဆင့်ထက် နိမ့်ကျတဲ့ ဒီအားကစားကွင်းမှာ ဆက်လက်လေ့ကျင့်မှုလုပ်နေမယ်ဆိုတာ ဘယ်လိုအကြောင်းတရားတွေကြောင့်ပါလဲ။ အလွန်အံ့သြဖွယ်ဖြစ်နေပါတယ်။

ဖြေ။ ကျွန်မ ဒီအားကစားကွင်းဟောင်းကြီးမှာ ၁၁ နှစ်ကြာကြာ လေ့ကျင့်မှုတွေလုပ်ခဲ့ပါတယ်။ ကိုယ့်ပိုင်နက်၊ ကိုယ့်အိမ်လိုဖြစ်နေပါတယ်။ အနောက်နိုင်ငံတွေမှာ လူတိုင်းလိုလို အချိန်ရှိသမျှ ငွေကိုရေတွက်နေတဲ့ သဘောရှိပါတယ်။ အားကစားနဲ့ ဂျာနယ်လစ်ဇင်ပညာရပ် ဒီနှစ်မျိုးဟာ ကျွန်မဘဝဖြစ်ပါတယ်။

မေး။ အားကစားပြိုင်ပွဲ တာဝန်ရှိသူတို့ဟာ စိတ်ဝင်တစား အချိန်တိုင်း နာရီများကိုင်ကာ ခင်ဗျားကိုစောင့်ကြည့်နေကြပါတယ်။ ဝေဖန်သုံးသပ်ဖို့အချိန်ပေးပြီး ခင်ဗျားနဲ့ ဆွေးနွေးမေးမြန်းလိုကြပါတယ်။

ဖြေ။ တကယ်တမ်းကျတော့ ဆေးဝါးတွေဟာအနောက်ကပဲ လာပါတယ်။ မည်သူတွေ တီထွင်ကြပါသလဲ။ ကျွန်မထင်တယ်၊ အနောက်တိုင်းဆေးဝါး ထုတ်လုပ်သူများဖြစ်ပါလိမ့်မယ်။ ရုရှားတို့ဟာ ဆင်းရဲကြတော့ ဆေးလည်းမသုံးခဲ့ကြပါဘူး။ ထုတ်လုပ်နိုင်စွမ်းလည်း မရှိကြပါဘူးလို့ ဖြေခဲ့တာကို ဒီဇင်ဘာ ၈ ရက် ၁၉၉၈ ခုနှစ်ထုတ် NEWSWEEK မဂ္ဂဇင်းမှာ ဖတ်ရပါတယ်။

အရီနာပရီဗာလိုဗာကတော့ အားကစားထူးချွန်အောင် ငယ်စဉ်ကျောင်းသူဘဝမှာပင် ပြင်ဆင်ခဲ့သူ၊ ဥရောပအပြေးစံချိန်တင်တဲ့အချိန်မှာ ဘွဲ့ရရှိခဲ့သူ၊ မဟာဘွဲ့တက်ဖို့ ကျောင်းအပ်ထားသူ၊ နိုင်ငံ့ဂုဏ်ဆောင် အမိနိုင်ငံကိုချစ်မြတ်နိုးသူ၊ ဥရောပသို့ အားကစားနည်းပြအဖြစ် အဆင့်မြင့်တဲ့ မိုးလုံလေလုံ အားကစားကွင်းမှာ အလုပ်လုပ်ဖို့ ကမ်းလှမ်းချက်တွေဟာ မက်မောစရာဖြစ်သော်လည်း ငြင်းပယ်ခဲ့သူဖြစ်ပါတယ်။

**ပင်မအကြောင်းအရင်း**

အားကစားလုပ်ခြင်းရဲ့ ပင်မအကြောင်းအရင်းကတော့ ကိုယ်ခန္ဓာကျန်းမာဖွံ့ဖြိုးရေးနဲ့ ကျန်းမာသန်စွမ်း စိတ်ကျန်းမာလန်းဆန်းဖို့ဖြစ်ပါတယ်။ ကိုယ်လက်ကျန်းမာ သန်စွမ်းခြင်းဟာ စိတ်ကိုလည်း ကျန်းမာစေတယ်ဆိုတဲ့ အချက်ပါပဲ။ အခြားသော အရည်အချင်း ကိုယ်ရည်ကိုယ်သွေးတွေဟာ ကျန်းမာရေးချို့တဲ့ရင် အသုံးမကျအလကားဖြစ်သွားတာကို သတိချပ်ဖို့လိုပါတယ်။ အားကစားဟုဆိုသော်လည်း အင်အားတစ်ခုတည်းပေါ်မှာ မူမတည်၊ ဉာဏ်ကူရမယ်၊ သိပ္ပံနည်းကျနည်းပညာတွေလည်း သင်ယူကြမှ အောင်ပွဲဆင်နိုင်ပါမယ်။

အားကစားလိုက်စားသူတို့ဟာ ကျန်းမာစေတဲ့ အစားအသောက်ရဲ့အရေးကြီးပုံ၊ အနားယူအိပ်စက်ခြင်းရဲ့ အရေးကြီးပုံကို သိရှိလာကြတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု၊ ကိုယ်ကျင့်စရိုက်လက္ခဏာကောင်းမွန်ရေး၊ တာဝန်ယူမှု၊ ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုးရေး၊ ပူးပေါင်းဆောင်ရွက်မှု စိတ်ထားပေါ်ပေါက်ရေး၊ ထူးခြားတဲ့စဉ်းစားဆင်ခြင်မှု၊ အနစ်နာခံမှု၊ နိုင်ငံသားတစ်ယောက်ရဲ့အဓိပ္ပာယ်၊ နိုင်ငံချစ်စိတ် အမျိုးသားရေးစိတ်ဓာတ်တွေကိုလည်း အားကစားတစ်မျိုးမျိုးပြုလုပ်ခြင်းက ရနိုင်တာကြောင့် မြန်မာအခြေခံပညာကျောင်း၊ ကောလိပ်နဲ့ တက္ကသိုလ်တွေမှာ စာသင်ချိန်အပြီး ကိုယ်လက်လှုပ်ရှားအားကစားနည်းတွေကို လုပ်ကြခြင်းဖြင့် လောကကိုအလှဆင်ပေးရာ ရောက်ပါတယ်။

**နှလုံးသားဉာဏ်ရည်**

ကိုယ်ကျင့်တရားလို့ခေါ်တဲ့ နှလုံးသားဉာဏ်ရည်ကို အာဂုံဆောင်ရုံဖြင့်မရနိုင်။ စာသင်ခန်းတွင်းမှာ ဆွေးနွေးညှိနှိုင်းသင်ကြားပို့ချ နားထောင်ကြခြင်း၊ ခရီးအတူသွား၊ သစ်ပင်ရိပ်အောက်မှာ အတူနား၊ သဲသောင်ပြင်မှာ အသင်းအဖွဲ့အဖြစ် အတူကစား၊ တေးဂီတနဲ့ အနုပညာပွဲတွေကသာ ကောင်းမွန်တဲ့အကျင့်တွေကိုရနိုင်တယ်လို့ ဆိုပါတယ်။ လူ့အသိုက်အဝန်းနဲ့နေတဲ့ ဒီကမ္ဘာကြီးမှာ ဘယ်လိုကျင့်ကြံပြုမူကြရမယ်ဆိုတာ သင်ယူကြဖို့ပဲ ဖြစ်ပါတယ်။ ဒီလိုသာဖြစ်ခဲ့ရင် ကမ္ဘာကြီးမှာ ပထမကမ္ဘာစစ်–ဒုတိယကမ္ဘာစစ်ဆိုတာ ဖြစ်ခဲ့မှာမဟုတ်၊ အစ္စရေး–ပါလက်စတိုင်းအရေး၊ နေတိုး–ရုရှား– ယူကရိန်းအရေးတွေဟာလည်း ဖြစ်ပေါ်စရာအကြောင်းမရှိလောက်ဘူးလို့ယူဆပါတယ်။ ဘဝတစ်လျှောက် အောင်မြင်ဖို့လိုအပ်ချက်က စည်းကမ်း(Discipline)၊ တွန်းအား (Drive)၊ သံန္နိဋ္ဌာန်(Determination)နဲ့ စိတ်ကူးအိမ်မက် (Dream)တို့ပဲ ဖြစ်ပါတယ်။

ယနေ့အချိန်အခါမှာ အားကစားနည်းမျိုးစုံရှိရာ ပြေးခုန်ပစ်နဲ့ ဘောလုံး၊ဘော်လီဘောနဲ့ ဘတ်စကက်ဘောအားကစားပြိုင်ပွဲတွေဟာ အားကျစရာစိတ်လှုပ်ရှားဖွယ်ရာ ပြည်တွင်း၊ ပြည်ပနိုင်ငံတိုင်းမှာ လောကကို အလှဆင်သူတွေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ကျင်းပနေတာတွေ့ရှိရပါတယ်။ ယခုလို ကမ္ဘာ့ကပ်ရောဂါကြီးနဲ့ ကြုံတွေ့နေရသော်လည်း ကမ္ဘာ့ပြေးခုန်ပစ်နဲ့ ဘောလုံးပြိုင်ပွဲ၊ အိုလံပစ်ပြိုင်ပွဲတွေဟာ၊ ကျင်းပမြဲအစဉ်အလာကို ထိန်းထားတာ တွေ့ရတော့ လူသားတစ်ယောက်အနေနဲ့ လွန်စွာကျေနပ်ပီတိဖြစ်ရပါကြောင်း ရေးသားအပ်ပါတယ်။ ။

# အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်းအကြောင်းသိကောင်းစရာ

**အိသဥ္စာအောင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ဘဏ္ဍာရေးရှင်းတမ်းများစစ်ဆေးခြင်း၊ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းတို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ စစ်ဆေးရေးအမျိုးအစားများအနက် ဘဏ္ဍာရေးရှင်းတမ်းစစ်ဆေးခြင်းသည် ဌာနအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးရှင်းတမ်းများအား နှစ်စဉ်ပုံမှန်စစ်ဆေးရသည့် Regulatory Audit အမျိုးအစားဖြစ်ပြီး ဌာနအဖွဲ့အစည်းများက ဘဏ္ဍာနှစ်တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားသည့် စာရင်း၊ အထောက်အထားများကို စစ်ဆေးရေးဝန်ထမ်းအင်အား၊ ရရှိသည့်အချိန် အစရှိသည့် စွမ်းအားစုများအပေါ်မူတည်၍ နှစ်ချုပ်စာရင်းများတွင် မှားယွင်းဖော်ပြမှု၊ မသမာမှု၊ လိမ်လည်မှု၊ အလွဲသုံးစားမှုများရှိနိုင်သည့်၊ အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေများကို စိစစ်အကဲဖြတ်၍ စစ်ဆေးဆောင်ရွက်ရသည့် Risk based Approach ဖြင့် ကောက်နုတ်ရွေးချယ်စစ်ဆေးခြင်းဖြစ်ပါသည်။

စစ်ဆေးရာ၌ ဌာနအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးရှင်းတမ်းများသည် သင့်တင့်လျောက်ပတ်မှုရှိကြောင်း စာရင်းစစ်ထင်မြင်ယူဆချက်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် စစ်ဆေးခြင်းပင်ဖြစ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများအား ကောက်နုတ်ရွေးချယ် စစ်ဆေးရသဖြင့် အဆိုပါဘဏ္ဍာရေးရှင်းတမ်းများသည် အပြည့်အဝရာနှုန်းပြည့်မှန်ကန်သည်ဟု အာမခံချက်ပေးခြင်းမဟုတ်ဘဲ ဆီလျော်သင့်မြတ်သော ခိုင်လုံသေချာမှုအာမခံချက်သာပေးနိုင်ပါသည်။

လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်းတွင် စစ်ဆေးမည့်အကြောင်းအရာကို သတ်မှတ်၍ ယင်းအကြောင်းအရာနှင့်သက်ဆိုင်သည့် စံသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ/မရှိနှင့်စပ်လျဉ်း၍ အဓိကထား စစ်ဆေးခြင်းပင်ဖြစ်ပါသည်။ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်းဆိုသည်မှာ လုပ်ဆောင်ချက်များ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့် သတင်းအချက်အလက်များသည် စစ်ဆေးရမည့်အဖွဲ့အစည်းကို လွှမ်းမိုးအုပ်ချုပ်သည့် အခွင့်အာဏာများ၊ တစ်နည်းအားဖြင့် အဖွဲ့အစည်းက လိုက်နာရမည့် သတ်မှတ်ပြဋ္ဌာန်းချက်များအား အရေးပါသည့် အကြောင်းအရာများအားလုံးတွင် လိုက်နာမှုရှိ/မရှိ စစ်ဆေးခြင်းဖြစ်ပါသည်။

လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းသည် အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ၊ အစီအစဉ်များသည် ခြိုးခြံချွေတာမှု ရှိ/မရှိ၊ စွမ်းဆောင်ရည်ပြည့်ဝမှု ရှိ/မရှိ၊ အကျိုးထိရောက်မှု ရှိ/မရှိနှင့်ကိုက်ညီစွာ လုပ်ဆောင်ထားခြင်း ရှိ/မရှိကို အဓိကထားစစ်ဆေးခြင်းပင်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုနှင့် သက်ဆိုင်မှုရှိသည့် စံသတ်မှတ်ချက်အပေါ်တွင်မူတည်၍ စစ်ဆေးခြင်းဖြစ်ပြီး ထိုစံသတ်မှတ်ချက်များမှ ကွဲလွဲမှုအကြောင်းရင်းများ သို့မဟုတ် အခြားဆက်စပ်ပြဿနာများကို လေ့လာဆန်းစစ်ခြင်းပင်ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ စစ်ဆေးရသည့်အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များ တိုးတက်မှုရှိစေရေးအတွက် သုံးသပ်အကြံပြုချက်များပေးခြင်းဖြစ်ပါသည်။

စာရေးသူသည် 2019–2021 Chinese Government Scholarship Auditing Master Program ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်ဂျင်းမြို့ နန်ဂျင်းစာရင်းစစ်တက္ကသိုလ်တွင် ၁၅–၁၀–၂၀၁၉ မှ ၃၀–၆–၂၀၂၁ ရက်နေ့အထိ ဖွင့်လှစ်ပို့ချသည့် Master of Auditing သင်တန်းကို တက်ရောက်ခဲ့ရာ၌ အဆိုပါတက္ကသိုလ်တွင် လေ့လာသင်ယူခဲ့ရသည့် အချိန်နှင့်တစ်ပြေးညီစစ်ဆေးခြင်း (Real Time Audit)နှင့် စပ်လျဉ်းသည့် ဗဟုသုတများအား မျှဝေလိုပါသည်။




အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်း (Real Time Audit) ဆိုသည်မှာ ဖြစ်ရပ်များ၊ လုပ်ငန်းစဉ်များ၏ တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်းပင်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လုပ်ငန်းပြီးစီးအပ်နှံမှုစသည့် လုပ်ငန်းစဉ်တစ်လျှောက် အချိန်နှင့်တစ်ပြေးညီစစ်ဆေးမှုဖြစ်ပါသည်။ Real Time Audit သည် အကောင်းဆုံးနှင့် အမြင့်မားဆုံးသော လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းပုံစံတစ်ခုပင် ဖြစ်ပါသည်။ အဆိုပါ Real Time Audit ၏ သွင်ပြင်လက္ခဏာများမှာ–

(က) စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်ရခြင်း၊
(ခ) လှုပ်ရှားပြောင်းလဲမှုရှိခြင်း၊
(ဂ) ကြိုတင်ကာကွယ်မှုပေးနိုင်ခြင်း၊
(ဃ) အပြုသဘောဆောင်ခြင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းနှင့် လုပ်ငန်းစီမံချက်များအား အတည်ပြုချမှတ်ထားသော ပုံစံဒီဇိုင်းများအတိုင်း တည်ဆောက်ထားကြောင်း၊ ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် စီးပွားရေးတွက်ခြေကိုက်စွာ၊ ခြိုးခြံချွေတာစွာ၊ စွမ်းဆောင်ရည်ပြည့်ဝစွာနှင့် ထိရောက်အကျိုးရှိစွာ ဆောင်ရွက်ထားကြောင်း၊ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်ထားကြောင်း အစရှိသည့် ကိစ္စရပ်များအတွက် သင့်တင့်လျောက်ပတ်သော ခိုင်လုံသေချာမှု/ အာမခံချက် (Reasonable Assurance) ပေးနိုင်စွမ်းရှိသည့် စစ်ဆေးမှုပုံစံဖြစ်ပါသည်။

တစ်နည်းအားဖြင့် အချိန်နှင့်တစ်ပြေးညီစစ်ဆေးခြင်းသည် ပုံမှန်စစ်ဆေးခြင်းမှ အထူးစစ်ဆေးရန်လိုအပ်သော Area တစ်ခု (အစိတ်အပိုင်းတစ်ခု)ကိုသာ အထူးဦးစားပေးကာ စစ်ဆေးခြင်းဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် သတင်းအချက်အလက်များ တောင်းခံခြင်း၊ စိစစ်ခြင်း၊ တာဝန်ခံများနှင့် တွေ့ဆုံခြင်း၊ စိစစ်ထားသည့် တွေ့ရှိချက်များအရ လုပ်ငန်းများ၏ Progress ကို စောင့်ကြည့်စိစစ်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ ခွင့်ပြုချက်ရရှိမှုနှင့် လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှု စိစစ်ခြင်း၊ ရွေးချယ်ထားသည့် လုပ်ငန်းနှင့်စီမံကိန်းများ၏ အကောင်အထည်ဖော် ပြီးစီးမှုအခြေအနေကို မျက်မြင်စစ်ဆေးခြင်း၊ ရွေးချယ်စစ်ဆေးခဲ့သော လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်ခြင်းဖြင့် ဆောင်ရွက်ရပါမည်။

လုပ်ငန်းပြီးစီးပြီးနောက်ပိုင်းမှ စစ်ဆေးခြင်း (ပုံမှန်စစ်ဆေးခြင်း)နှင့် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်းတို့၏ ကွာခြားသည့်အချက်များမှာ အောက်ပါတို့ဖြစ်ပါသည်–

| | **လုပ်ငန်းပြီးစီးပြီးနောက်ပိုင်းမှ စစ်ဆေးခြင်း (ပုံမှန်စစ်ဆေးခြင်း)** | **အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်း** |
|---|---|---|
| ရည်ရွယ်ချက် | ပြီးစီးသည့် လုပ်ငန်းစီမံကိန်းများ၏ လုပ်ဆောင်ချက်များ ပါဝင်ဖော်ပြထားသည့် ဘဏ္ဍာရေးရှင်းတမ်းများအပေါ်တွင် အာမခံချက်ပေးနိုင်ခြင်း | မူဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရနိုင်သည့် အဓိကပြဿနာရပ်များအား ဖော်ထုတ်နိုင်စေခြင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်၌ ထိရောက်စွာသုံးစွဲနိုင်မှု မရှိခြင်းကြောင့် ရန်ပုံငွေပြန်လည်အပ်နှံခဲ့ရခြင်းများ မဖြစ်ပေါ်စေရေးနှင့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေများ ထိရောက်စွာ စီမံခန့်ခွဲ သုံးစွဲနိုင်စေရန် အထောက်အကူပြုနိုင်ခြင်း |
| စစ်ဆေးမည့် အကြောင်းအရာ | ဘဏ္ဍာရေးရှင်းတမ်းများ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက်များ | စစ်ဆေးရမည့်ဌာန၊ အဖွဲ့အစည်း၏ စီမံခန့်ခွဲမှုနှင့် သက်ဆိုင်ရာ စနစ်များ၏ အရေးပါသည့်ကိစ္စရပ်များ |
| စစ်ဆေးရေး ရည်မှန်းချက် | စာရင်းစစ်ထင်မြင်ယူဆချက်အား ပေးနိုင်ရန် | တိုးတက်မှုရှိအောင် ဆောင်ရွက်ရမည့် ဧရိယာနယ်ပယ်များအား သတ်မှတ်ပေးနိုင်ရန် |
| စီမံခန့်ခွဲသူ၏ အန္တရာယ်များ | ဘဏ္ဍာရေးရှင်းတမ်းတွင် အဓိကအရေးပါသည့် မှားယွင်းဖော်ပြချက်များ | တည်ဆောက်ရေးလုပ်ငန်းများ စီမံခန့်ခွဲဆောင်ရွက်ရာတွင် စီးပွားရေးတွက်ခြေကိုက်မှု၊ စွမ်းဆောင်ရည် ပြည့်ဝမှု၊ ထိရောက်အောင်မြင်မှုမရှိသည့် အခြေအနေ |
| စစ်ဆေးသည့် အချိန်ကာလ | လုပ်ငန်းပြီးဆုံးပြီးနောက်ပိုင်း (After Completion)မှ စစ်ဆေးဆောင်ရွက်ခြင်း | လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နေစဉ်အချိန်တွင် လုပ်ငန်းစဉ်အဆင့်ဆင့်အား အချိန်နှင့်တစ်ပြေးညီ စစ်ဆေးဆောင်ရွက်ခြင်း |
| စစ်ဆေးသည့် အကြိမ် အရေအတွက် | တစ်နှစ်လျှင်တစ်ကြိမ်ခန့် စစ်ဆေးဆောင်ရွက်ခြင်း | အမျိုးမျိုးသော အကြောင်းအရာ၊ အခြေအနေ၊ အချက်အလက်များပေါ် မူတည်၍ စစ်ဆေးဆောင်ရွက်ခြင်း |
| စစ်ဆေးရေး ချဉ်းကပ်မှု နည်းလမ်း | အန္တရာယ်ဖြစ်ပွားနိုင်သည့် ဧရိယာ၊ နယ်ပယ်အားအခြေခံ၍ စစ်ဆေးဆောင်ရွက်ခြင်း (Risk Based Audit Approach) | |




စာမျက်နှာ ၉ သို့ ☆

# နယ်စပ်ဒေသ၊ သမ/ကျေးလက်နှင့် တိုင်းရောတို့သည်

မြင့်စိုး(နတလ)

**မက်မန်းမြို့က ဖုန်းခေါ်သံ**

"ဟဲလို .... အဘရေ ကျွန်တော် ကိုဗလပါဗျ"

ဇွန်လ ၁၇ ရက်နေ့ နံနက်ခင်းတွင် ကျွန်တော့်ထံသို့ အစောဆုံးဝင်ရောက်လာသော ဖုန်းခေါ်သံ ဖြစ်သည်။ ဖုန်းဆက်သူမှာ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့တွင် နေထိုင်သော ကိုဗလဖြစ်သည်။ သူ့နာမည်ရင်းက ကိုမိုးခိုင်၊ သို့သော် မည်သူကမျှ ကိုမိုးခိုင်ဟု မခေါ်၊ မက်မန်းနှင့် ကျိုင်းတုံဒေသတစ်ခုလုံး သူ့ကို သိသမျှလူတွေက ကိုဗလဟုပဲ ခေါ်ကြသည်။ ခေါ်၍သာ ခေါ်နေကြသည် ဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်းလည်း မဟုတ်ပြန်ပါချေ။ သေးသေးညှက်ညှက်လေးဖြစ်၏။ Nick Name ဟူ၍ပဲ ဆိုကြပါစို့ရဲ့။

"မှတ်မိပါတယ် ကိုဗလရဲ့ ပြောပါဗျ"

"မက်မန်းအထက်တန်းကျောင်းက အယောက် ၂၀ အောင်တယ် အဘရေ"

"ဟာ ဟုတ်လား၊ ဝမ်းသာတယ်ဗျာ၊ ဂုဏ်ထူးတွေရော ထွက်ကြတယ်မို့လား"

"ခြောက်ယောက်က ဂုဏ်ထူးတစ်ဘာသာစီ ပါတယ်ဗျ"

သူဖုန်းဆက်ပြီး မကြာမီမှာပင် မက်မန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းအောင်က ဆက်လာပြန်သည်။ ဦးထွန်းလင်းအောင်သည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) အမှတ်စဉ် (၁) ကျောင်းဆင်းဖြစ်သည်။ ထို့ပြင်တဝ သူသည် ပရဟိတ (ကျား)ကျောင်းထွက်၊ 'ဝ'တိုင်းရင်းသားတစ်ဦး ဖြစ်နေ၍ လေးမျက်နှာပရဟိတကျောင်းထွက်၊ ကျွန်တော်နှင့်လာ၍ ရေစက်ကဆုံနေပြန်ပါသည်။

"အေး - ကိုထွန်းလင်းအောင်ရေ၊ မက်မန်းအထက်တန်းကျောင်း အောင်ချက်ကို သိရပါပြီ၊ တစ်ခုပဲမှာချင်တယ်၊ မက်မန်းအထက်တန်းကျောင်းမှာ ကိုယ်လာပြီး ဟောပြောတုန်းက ဖွံ့ဖြိုးရေး တက္ကသိုလ်၊ ဒီဂရီကောလိပ် ဝင်ခွင့်စာမေးပွဲအတွက် လေ့လာဖို့ မေးခွန်းဟောင်းတွေ ပေးခဲ့တယ်။ ကလေးတွေ လေ့လာနိုင်အောင် ဆောင်ရွက်ပေးပါကွာ"

၂၀၁၈ ခုနှစ်ထဲမှာ နတလဝန်ထမ်းဘဝနှင့် မက်မန်းမြို့လေးသို့ ပထမဆုံးအကြိမ် ရောက်ရှိခဲ့သည်။ ယခုနှစ် မတ်လ ၄ ရက်နေ့တွင် ဒုတိယအကြိမ်မြောက် သွားရောက်ခဲ့သည့် ခရီးစဉ်ကမူ အငြိမ်းစားဝန်ထမ်းဘဝနှင့် ဖြစ်ပါသည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် မက်မန်း အထကမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူလေးများနှင့် တွေ့ဆုံ၍ စာမေးပွဲအောင်မြင်အောင် ကြိုးစားလေ့ကျင့်ဖြေဆိုကြရန် အားပေးတိုက်တွန်းခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်လာသူများအနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များသို့ တက်ရောက်သင်ယူခွင့်ရရှိရေး ရှင်းလင်းဟောပြောဆွေးနွေးခဲ့သည်။ ကိုရင်လေးများ အပါအဝင် ကျောင်းမှ ၄၆ ဦး၊ ပြင်ပဖြေ ၁၇ ဦး၊ စုစုပေါင်း ၆၃ ဦး တက်ရောက်နားထောင်ကြသည်။ သည်အထဲကမှ ၂၀ အောင်မြင်ခဲ့ကြပါပြီ။ ကြည်နူးဝမ်းသာရှိလိုက်ပါဘိ။



နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်းတယ)။

**ဒုတိယမြောက် မင်္ဂလာသတင်း**

ထိုနေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ပေးခဲ့သောကြောင့် တယ်လီဖုန်းလိုင်း ဖွင့်လိုက်သည်နှင့် အောင်မြင်သည့် သားငယ်သမီးငယ်များကို ဝိုင်းဝန်းချီးကျူး ဂုဏ်ပြုကြတာများ ပလူပျံနေပါတော့သည်။ ကျွန်တော့်အသိမိတ်ဆွေများ၏ သားငယ်သမီးငယ်များကို ကျွန်တော်လည်း ဝင်ရောက်ဂုဏ်ပြုပေးခဲ့သည်။ ထိုအချိန်တွင် နတလဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦး ပေးပို့လိုက်သော မင်္ဂလာသတင်းတစ်ခု ရောက်လာပါတော့သည်။ အထကခေါင်လန်ဖူး စာစစ်ဌာနမှ ကိုးယောက် အောင်မြင်သည်။ ဂုဏ်ထူးများလည်း ထွက်ကြသည်...တဲ့။ ရော်... ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သိပ်မကြာမီမှာပင် ခေါင်လန်ဖူးမြို့နယ် ပညာရေးမှူး ဆရာမကြီး နန်းရီရီသန်းက Viber မှ အောင်စာရင်းကို ထပ်မံပေးပို့လာပါသည်။ ၃၅ ယောက်ဖြေ၊ ကိုးယောက်အောင်၊ သုံးဘာသာဂုဏ်ထူး သုံးယောက်၊ တစ်ဘာသာဂုဏ်ထူး နှစ်ယောက်ပါဝင်ပါသည်။ တော်လိုက်ကြသည့် ခေါင်လန်ဖူး၊ ဇန်ယော့၊ ရှိန်းခေါင်က သားသမီးတွေ၊ စာမေးပွဲအောင်ရုံမျှမက ဂုဏ်ထူးများ တောင်ထွက်လိုက်ကြသေး။ အပင်ပန်းခံ

> **နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိမိတို့၏ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ကျောင်းသားတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပေပြီ။ နယ်စပ်ဒေသ၏ အောင်မြင်မှုများ၊ မွေးရပ်မြေ တိုင်းရောဝတီ၏ အောင်မြင်မှုများ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အောင်မြင်မှုများကြောင့် ထိုနေ့က ကျွန်တော် ရင်ခုန်သံ နည်းနည်းမြန်ခဲ့**

စေတနာထား သင်ကြားပေးသည့် ဆရာ ဆရာမများကိုလည်း အထူးပဲ လေးစား ကျေးဇူးတင်မိသည်။

ကျွန်တော်နှင့် ခေါင်လန်ဖူး၏ ရေစက်က အလွန်ပင် ကြီးမားနက်ရှိုင်းခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန နတလတွင် တာဝန်ထမ်းဆောင်ခဲ့စဉ် မဂွေဇ-ခေါင်လန်ဖူး ကားလမ်း ၆၅/၄ မိုင် ဖောက်လုပ်နေမှုကို ကြီးကြပ်ကွပ်ကဲရန် ၂၀၁၈ ခုနှစ် မတ်လတွင် ပူတာအိုမှတစ်ဆင့် နောင်မွန်၊ ပန်နန်းဒင်ဒေသများသို့ စတင်ရောက်ဖူးခဲ့သည်။ ထိုစဉ်က မဂွေဇ-ခေါင်လန်ဖူး ကားလမ်းသည် မိုင်တိုင် ၃၀ သို့ပင် မရောက်သေးပါ။ ထိုမှ ၃၃/၆ မိုင်ရှိ အမြင့်ပေ ၇၇၀၀ ကျောက်တောင်ကြီးကို မိုင်းများခွဲ၍ ကျားကုတ်ကျားခဲ ဖောက်ခဲ့ကြရသည်။ ကားလမ်းဖောက်နေရင်းက မရောက်ဖူးသေးသော ခေါင်လန်ဖူးဒေသ၏ ပညာရေးကို စေ့ငုကြည့်မိသည်။

သည်ဒေသမှ အထက ခေါင်လန်ဖူး၊ အထက ဇန်ယော့၊ အထက (ခွဲ) ရှိန်းခေါင်ကျောင်းများ ရှိကြသည်။ ကလေးများ ၁၀ တန်းမအောင်ကြတာ ၁၀ နှစ်ခန့်ရှိပြီဟု ကနဦးသတင်းစကားများ ကြားခဲ့ရသည်။ သေချာလေ့လာမေးမြန်းကြည့်သောအခါ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူ တစ်ဦးသာရှိခဲ့ကြောင်း၊ ကလေးများကြုံတွေ့နေရသည့် အခက်အခဲများမှာ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ အချိန်မီ မရောက်ခြင်း၊ လျှပ်စစ်မီး လုံလောက်စွာမရခြင်း၊ ရာသီဥတုအေးလွန်း၍ အနွေးထည်နှင့် အဝတ်အထည်များ လိုအပ်ခြင်း၊ ရိက္ခာဆန်များကို ရွာမှပြန်သယ်နေရ၍ စာသင်ချိန် ပျက်ကွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြု ဆရာ ဆရာမများ လိုအပ်နေခြင်းတို့ ဖြစ်ကြောင်း သိရပါသည်။ ထိုလိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးရေးအတွက် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် **"ခေါင်လန်ဖူးက မှာတမ်းစာ"** အမည်ရှိ ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့သည်။

ရေးသားတင်ပြရကျိုး နပ်ခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ အစီအစဉ်ဖြင့် ခေါင်လန်ဖူး၊ ဇန်ယော့၊ ရှိန်းခေါင်ဒေသမှ ကျောင်းသား၊ ကျောင်းသူ ၄၉ ဦးအား ပူတာအိုမြို့ အထကကျောင်းတွင် Camp သွင်း၍ သုံးလကျော်ခန့် ဆရာ ဆရာမများက သင်ကြားလေ့ကျင့်ပေးခဲ့ရာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို နှစ်ဦးအောင်မြင်ခဲ့သည်။ ထိုကလေးနှစ်ဦးအပါအဝင် ပူတာအိုလူငယ်သင်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် ကလေးများ၊ သင်ကြားပေးသည့် ဆရာ ဆရာမများကို ဂုဏ်ပြုချီးမြှင့်ရန်အတွက် ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေများ ဖြစ်ကြသော ကိုငွေစိုး၊ ကိုလှထွန်းဖြူတို့က ငွေကျပ် ၁၇ သိန်း ပေးပို့ ဂုဏ်ပြုခဲ့ကြပါသည်။

စာမျက်နှာ ၉ သို့ ◆



အထက ကညင်တိုင်း၌ ကျောင်းသားကျောင်းသူလေးများအား အားပေးတိုက်တွန်းစကားပြော ကြားစဉ်။

◆ စာမျက်နှာ ၈ မှ

ထိုကဲ့သို့ ပြန်လည်ကြိုးစားခဲ့ရသော ခေါင်လန်ဖူးဒေသ၊ ယခုနှစ်မှာတော့ ယင်းဒေသမှ ဆရာ ဆရာမများက စေတနာထား၊ အပင်ပန်းခံ သင်ကြားပေးခဲ့ကြသောကြောင့် အောင်မြင်မှု သရဖူ ဆောင်းခဲ့ကြပါပြီ။ လှိုက်လှဲဝမ်းသာဖြစ်ခဲ့ရပါ၏။

**လူငယ်သင်တန်းကျောင်းများ၏ အောင်မြင်မှု**

တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထွက်သည့်အခါတိုင်း ကျွန်တော် သတိတရ မေးမြန်းလေ့ရှိသည်မှာ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးကျောင်းများ၏ အောင်မြင်မှုများပဲဖြစ်ပါသည်။ ကျွန်တော် နတလဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလကတည်းက ရောက်သည့်နေရာမှာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ယင်းကျောင်းများသို့ ဝင်ရောက်ကြည့်ရှုရင်း လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြသည့် တိုင်းရင်းသား၊ တိုင်းရင်းသူလေးများနှင့် သီးခြားတွေ့ဆုံ၍ အားပေးစကားပြောကြားကာ အောင်မြင်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားခဲ့သည်။ ဂုဏ်ထူးထွက်လျှင် ဆုချမည်ဟု ကတိကဝတ်ပြုခဲ့သည်။ ကတိပြုခဲ့သည့်အတိုင်း ဝန်ကြီးဌာန၏ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်လာသော သူတို့လေးများကို တစ်ဘာသာ တစ်သိန်းနှုန်း ကျွန်တော် ဂုဏ်ပြုခဲ့ပါသည်။ သူတို့လည်းပျော် ကျွန်တော်လည်း ပျော်ခဲ့ရဖူးပါသည်။

ယခုနှစ် အောင်မြင်မှုကတော့ ပိုမိုတိုးတက်လာကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးထံမှ သိရသည်။ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၈၇၄ ဦး၊ အောင်မြင်သူ ၅၃၇ ဦး၊ အောင်မြင်မှုရာခိုင်နှုန်း ၆၁ ဒသမ ၄၄ ရာခိုင်နှုန်းဖြစ်ပြီး ငါးဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ သုံးဘာသာ ၄၃ ဦး၊ နှစ်ဘာသာ ၆၂ ဦး၊ တစ်ဘာသာ ၂၀၂ ဦး ရရှိခဲ့ကြောင်း သိရသည်။ ထိုအထဲကမှ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းများမှာ ကြာအင်းဆိပ်ကြီး လူငယ်ကျောင်းက ၁၀၀ ရာခိုင်နှုန်း၊ တီးတိန် လူငယ်ကျောင်းက ၉၉ ဒသမ ၄၄ ရာခိုင်နှုန်း၊ ပင်းတယ လူငယ်ကျောင်းက ၉၀ ဒသမ ၂၀ ရာခိုင်နှုန်း၊ မအူပင်လူငယ်ကျောင်းက ၈၈ ဒသမ ၀၀ ရာခိုင်နှုန်း၊ ဆိုက်ခေါင်လူငယ်ကျောင်းက ၈၂ ဒသမ ၅၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြသည်။

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အောင်မြင်မှု**

ကျွန်တော် ရောက်ရှိတာဝန်ထမ်းဆောင်နေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အောက်ရှိ သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းသားသမီးများ အနေဖြင့်လည်း အချို့က နယ်စပ်ဒေသ ရုံးအသီးသီးတွင် သွားရောက်နေထိုင် ဖြေဆိုခဲ့ကြသူများ ဖြစ်ကြသည်။ ရခိုင်ပြည်နယ်သမဝါယမ ဦးစီးမှူးရုံးမှ ဌာနခွဲစာရေး ဒေါ်ခင်ခင်လှိုင်၏ သမီး မသိင်္ဂီဖြိုးသည် ခြောက်ဘာသာ ဂုဏ်ထူးရရှိခဲ့သည်။ ထို့အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးလှခိုင်နှင့် ဇနီး ဒေါ်မီမီထွေးတို့၏သမီး မရွှန်းလဲ့မီမီခိုင်သည် လည်းပဲ ခြောက်ဘာသာဂုဏ်ထူး ဆွတ်ခူးနိုင်ခဲ့သည်။ မိမိတို့ဝန်ကြီးဌာနမှ ဖြေဆိုသူ ၁၇၃ ဦး၊ အောင်မြင်သူ ၁၁၈ ဦး အောင်မြင်မှု ရာခိုင်နှုန်း ၆၈ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ခြောက်ဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာ လေးဦး၊ လေးဘာသာ ခုနစ်ဦး၊ သုံးဘာသာ ခြောက်ဦး၊ နှစ်ဘာသာ ၁၃ ဦး၊ တစ်ဘာသာ ၃၁ ဦး ဂုဏ်ထူးထွက်ခဲ့ကြသည်။

**ရင်ခုန်သံနည်းနည်းမြန်ခဲ့သည်**

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထွက်သည်နှင့် ကျွန်တော့်မွေးရပ်မြေ ဧရာဝတီတိုင်းဒေသကြီးအတွင်းက ရိုးသားကြိုးစားဧရာဝတီသားများ၏ အောင်မြင်မှုများကိုလည်း ချက်ချင်းကြားခဲ့ရသည်။ လေးမျက်နှာ အထက ကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် သမီးငယ်တစ်ဦး ထွက်ပေါ်လာသည်။ လှော်ကထား အထကမှလည်း လေးဘာသာဂုဏ်ထူးရှင်များ ပေါ်ထွက်လာသည်။ ကညင်တိုင်းအထက(ခွဲ)မှ သုံးဘာသာဂုဏ်ထူးရှင် သမီးငယ်လေးက ဝိဇ္ဇာဘာသာတွဲတွင် ဧရာဝတီတိုင်း အတွင်း အဆင့် ၉ ဝင်ခဲ့ကြောင်း သိရသည်။ အောင်မြင်မှု ရာခိုင်နှုန်းအရ ယင်းဆယ်အထက(ခွဲ)က ပထမ၊ ရေဖြူ အထက(ခွဲ) ဒုတိယ၊ ပန်းတောကြီး အထက တတိယ၊ နင်းကြမ်းအထက စတုတ္ထ၊ မဲဇလီအထက ပဉ္စမ၊ လှော်ကထားအထက ဆဋ္ဌမတို့ဖြစ်ကြောင်း ကြားသိခွင့်ရခဲ့သည်။ နိုင်ငံတော်အနေဖြင့် အနာဂတ်လူငယ်လူရွယ်များအတွက် ပညာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ကျောင်းသား တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပေပြီ။ တစ်နိုင်ငံလုံး အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း ၄၈ ဒသမ ၈၈ ရာခိုင်နှုန်းရှိခဲ့သည်။ နယ်စပ်ဒေသ၏ အောင်မြင်မှုများ၊ မွေးရပ်မြေတိုင်းဧရာဝတီ၏ အောင်မြင်မှုများ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ အောင်မြင်မှုများကြောင့် ထိုနေ့က ကျွန်တော်ရင်ခုန်သံနည်းနည်းမြန်ခဲ့သည်။ လှိုက်လှဲဝမ်းသာ ပီတိဖြစ်ခဲ့ရ၏။ ။

☆ စာမျက်နှာ ၇ မှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံစာရင်းစစ်ချုပ်ရုံးရှိ စစ်ဆေးရေးအဖွဲ့များသည် လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်းများကို အချိန်နှင့်တစ်ပြေးညီစစ်ဆေးခြင်း ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အဆင့်များအလိုက် စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများကို အဆင့်လိုက် ထုတ်ပြန်ဆောင်ရွက်ပါသည်-

(က) ကြိုတင်ပြင်ဆင်ခြင်းအဆင့်၊
(ခ) အကောင်အထည်ဖော်ခြင်းအဆင့်၊
(ဂ) လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်းပြီးစီးအပ်နှံခြင်းအဆင့်။

**(က) ကြိုတင်ပြင်ဆင်ခြင်းအဆင့်**

ဌာန၊ အဖွဲ့အစည်းများတွင် ဆောင်ရွက်သည့် လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်းများ၏ စီမံကိန်း ကြိုတင်ပြင်ဆင်ခြင်းအဆင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်း၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များအား တိကျစွာ သတ်မှတ်ထားခြင်း ရှိ/မရှိ၊ စစ်ဆေးရမည့်ဌာန/အဖွဲ့အစည်းများ၏ ဌာနတွင်းကြီးကြပ်ကွပ်ကဲသည့်စနစ် ရှိ/မရှိ၊ စီမံကိန်းပြုလုပ်မည့် မြေယာများသိမ်းဆည်းမှုနှင့် ပြန်လည်နေရာချထားရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ ရှိ/မရှိနှင့် လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်းများအလိုက် တင်ဒါခေါ်ယူမှုအား ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ/မရှိ အစရှိသည့်အချက်များအား စိစစ်ရမည်ဖြစ်ပါသည်။

**(ခ) အကောင်အထည်ဖော်ခြင်းအဆင့်**

ဌာန၊ အဖွဲ့အစည်းများတွင် ဆောင်ရွက်သည့်လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်းများ၏ စီမံကိန်း အကောင်အထည်ဖော်ခြင်းအဆင့်နှင့်စပ်လျဉ်း၍ သဘောတူစာချုပ်တွင် ဖော်ပြထားသည့် လုပ်ငန်းရပ်များ၊ အခြေအနေများအတိုင်း အမှန်ဆောင်ရွက်ထားခြင်း ရှိ/မရှိ၊ လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်းများအား အတည်ပြုချမှတ်ထားသော ပုံစံဒီဇိုင်းပြောင်းလဲခြင်းအား စစ်ဆေးခြင်းနှင့် အင်ဂျင်နီယာ အရည်သွေးထိန်းချုပ်ခြင်းအား စစ်ဆေးခြင်း အစရှိသည့်အချက်များအား စိစစ်ရမည်ဖြစ်ပါသည်။

**(ဂ) လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်း ပြီးစီးအပ်နှံခြင်းအဆင့်**

ဌာန၊ အဖွဲ့အစည်းများတွင် ဆောင်ရွက်သည့် လုပ်ငန်းနှင့် လုပ်ငန်းစီမံကိန်းများ၏ စီမံကိန်းပြီးစီးအပ်နှံခြင်းအဆင့်နှင့်စပ်လျဉ်း၍ ငွေပေးချေရမည့်ကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၊ စာချုပ်ပါ ငွေပေးချေမှုဆိုင်ရာ သတ်မှတ်ချက်များ၊ ငွေပေးချေရာတွင် လိုက်နာကျင့်သုံးရမည့်လမ်းညွှန်၊ ညွှန်ကြားချက်နှင့်အညီ ပေးချေထားခြင်း ရှိ/မရှိ၊ အကောင်အထည်ဖော်ပြီးစီးသည့် စီမံကိန်းအတွက် ရေးဆွဲထားသည့် ဘဏ္ဍာရေးရှင်းတမ်း ရှိ/မရှိနှင့် လုပ်ငန်းပြီးစီးအပ်နှံမှုနှင့် တာဝန်ရှိသူများမှ စနစ်တကျသေချာစွာ စစ်ဆေးလက်ခံထားခြင်း ရှိ/မရှိ အစရှိသည့်အချက်များအား စိစစ်ရမည်ဖြစ်ပါသည်။

လုပ်ငန်းနှင့်လုပ်ငန်းစီမံကိန်းများ၏ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစနစ် အားကောင်းမှု ရှိ/မရှိ ဆုံးဖြတ်ရာတွင် လုပ်ငန်းနှင့်လုပ်ငန်းစီမံကိန်းများအား လျာထားချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်မှု၊ စီမံခန့်ခွဲမှု၊ ရန်ပုံငွေထုတ်ယူသုံးစွဲမှုတို့နှင့်စပ်လျဉ်း၍ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုစနစ်များ ချမှတ်ထားခြင်း၊ ထိရောက်စွာကြီးကြပ်ကွပ်ကဲခြင်း ရှိ/မရှိ၊ ဌာန/အဖွဲ့အစည်းများရှိ ဌာနတွင်း စာရင်းစစ်အဖွဲ့မှ စစ်ဆေးရေးစီမံချက်ထားရှိ ဆောင်ရွက်ခြင်းဖြင့် လေ့လာသုံးသပ်ကြပါသည်။ စီမံကိန်းပြုလုပ်မည့် မြေယာများရယူမှု၊ ငှားရမ်းမှုနှင့် ပြန်လည်နေရာချထားရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များအား စစ်ဆေးရာ၌ မြေယာရယူ၊ ငှားရမ်းခြင်းဆိုင်ရာ စည်းကမ်းများအား လိုက်နာရန် ပျက်ကွက်မှုများအတွက် လျော်ကြေး/ဒဏ်ကြေးဆိုင်ရာ စည်းနှောင်မှုများ၊ တာဝန်ခံမှုများအား တိကျစွာသတ်မှတ်ဖော်ပြထားပြီး လိုက်နာဆောင်ရွက်နေမှု ရှိ/မရှိ စစ်ဆေးခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ အစိုးရဌာန/အဖွဲ့အစည်းများတွင် နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေ၊ ပြည်ပချေးငွေ/ အကူအညီရငွေတို့ဖြင့် ဆောင်ရွက်သည့် နှစ်ချင်း (သို့မဟုတ်) နှစ်နှစ်အောက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် နှစ်နှစ်နှင့်အထက်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်၌ ရန်ပုံငွေပြန်လည်အပ်နှံခြင်းနှင့် အမှန်သုံးစွဲနိုင်မှုမရှိဘဲ နှစ်လွန်အသုံးစရိတ်စာရင်းတင်ခြင်းများ မဖြစ်ပေါ်စေရေး၊ စီမံကိန်းနှောင့်နှေး ကြန့်ကြာမှု/မပြီးစီးမှုများ လျော့နည်းစေရေး၊ ခွင့်ပြုရန်ပုံငွေများကို စီးပွားရေးတွက်ခြေကိုက်စွာ/ခြိုးခြံချွေတာစွာ၊ စွမ်းဆောင်ရည်ပြည့်ဝစွာနှင့် ထိရောက်စွာစီမံခန့်ခွဲစေရေး၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရေးတို့အတွက် လုပ်ငန်းနှင့်လုပ်ငန်းစီမံကိန်းများ(အလျင်အမြန်အောင်မြင်မှုရရှိနိုင်မည့်လုပ်ငန်းများနှင့် ဦးစားပေးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများ)ကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

အချိန်နှင့်တစ်ပြေးညီစစ်ဆေးခြင်း ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို အောက်ပါအတိုင်း အကျဉ်းချုပ်တင်ပြအပ်ပါသည် -

(က) မူဝါဒချမှတ်ခြင်းနှင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရနိုင်သည့် အဓိကပြဿနာရပ်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်နိုင်စေခြင်း၊
(ခ) နောင်ကာလတွင် ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည့် ချို့ယွင်းချက်၊ အားနည်းချက်များကို လျော့နည်းစေနိုင်မည့် အကြံပြုချက်များ ပေးနိုင်ခြင်း၊
(ဂ) ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များအား ရည်ရွယ်ချက်ရှိစွာ ချိုးဖောက်မှုများကို တားဆီးခြင်းနှင့် စောင့်ကြပ်စိစစ်ခြင်းတို့တွင် ကူညီပေးနိုင်ခြင်း၊
(ဃ) ရည်ရွယ်ချက်ရှိစွာဖြင့်ဆောင်ရွက်သော ဆုံးရှုံးမှု၊ လေလွင့်ပြုန်းတီးမှုနှင့် အဂတိလိုက်စားမှုတို့ မဖြစ်စေရေး ဟန့်တားနိုင်ခြင်း၊
(င) ရန်ပုံငွေများအား သုံးစွဲမှုနှင့် စီမံခန့်ခွဲမှု၊ လုပ်ငန်းစီမံကိန်း၏ အထွေထွေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ဆောင်ချက်များအား တိုးတက်လာနိုင်စေခြင်း၊

အကျဉ်းချုပ်အားဖြင့် Real Time Audit သည် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းစဉ်တစ်ခုလုံးကို စဉ်ဆက်မပြတ် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်စိစစ်၍ စစ်ဆေးခြင်း၊ စီမံခန့်ခွဲမှုတိုးတက်ကောင်းမွန်ရန်အလို့ငှာ တရားမဝင်ကိစ္စရပ်များ၊ အမှားများနှင့် ဥပဒေနှင့်မညီညွတ်သည်များကို ရှာဖွေဖော်ထုတ်၍ ပြုပြင်ရေးတိုက်တွန်းရန်နှင့် ရင်းနှီးမြှုပ်နှံမှုမှပြန်ရချက် တိုးတက်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ အချိန်နှင့်တစ်ပြေးညီစစ်ဆေးခြင်း Real Time Audit ဖြင့် နိုင်ငံပိုင်ကဏ္ဍစစ်ဆေးမှု စွမ်းဆောင်ရည် မြင့်မားလာစေနိုင်သည်နှင့်အမျှ ဒေသတွင်းကောင်းမွန်သည့် အုပ်ချုပ်မှုစနစ် ပိုမိုတိုးတက်မြင့်မားလာစေရန် အထောက်အကူပြုနိုင်စေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# သာစည်မြို့နယ်၌ မြေဆီလွှာထိုးခွဲကိရိယာ လက်တွေ့အသုံးပြုခြင်း သရုပ်ပြသ

**သာစည် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မြေဆီလွှာထိုးခွဲကိရိယာ လက်တွေ့အသုံးပြုခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၁၀ နာရီက ဘွဲ့ခြားကျေးရွာ တောင်သူ ဦးကျော်စိုး၏ ဝါစိုက်မည့် မြေငါးဧက၌ ပြုလုပ်ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် မိတ္ထီလာခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးသိန်းထွန်းစံက မြေဆီလွှာထိုးခွဲကိရိယာ အသုံးပြုခြင်းဖြင့် ကျစ်လျစ်သိပ်သည်းသောမြေလွှာများကို ထိုးခွဲနိုင်ခြင်းကြောင့် မြေဆီလွှာအတွင်း ရေကောင်းစွာစိမ့်ဝင်နိုင်ခြင်း၊ ဒုံပေါက်မှုကိုကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ မြေဆီလွှာအတွင်း အမြစ်များအလွယ်တကူ ထိုးဖောက်ဝင်ရောက် ကြီးထွားနိုင်ခြင်း၊ ကျစ်လျစ်သိပ်သည်းသော မြေလွှာအောက်မှ အစိုဓာတ်အား အပေါ်ယံမြေဆီလွှာမှ အလွယ်တကူစုပ်ယူရရှိနိုင်ခြင်းနှင့် အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်လုံလောက်စွာရရှိခြင်းကြောင့် အပင်များ ရှင်သန်ကြီးထွားမှုကို ပိုမိုအားကောင်းစေခြင်း စသည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ခရိုင်ဦးစီးဌာနမှူးနှင့် သာစည်မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးချမ်းမြဇော်တို့က ရှင်းလင်းဖြေကြားပြီး မြေဆီလွှာထိုးခွဲကိရိယာဖြင့် လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

# ၁၆-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၆) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

*(ယမန်နေ့မှအဆက်)*

**သူရိယနေဝန်းသတင်းထောက် ဒေါ်သဇင်ဦး**က PDF အဖွဲ့များကို အလင်းဝင်ရန် ပြန်လည်ဖိတ်ခေါ်ခြင်းနှင့်ပတ်သက်ပြီး မေးမြန်းလိုကြောင်း၊ အကြမ်းဖက်အဖြစ် ကြေညာထားခြင်းခံထားရသည့် CRPH၊ NUG တို့ ကြိုးကိုင်ခြယ်လှယ်ခြင်းခံနေရသည့် PDF များကို လက်နက်အပ်နှံပြီး ပြည်သူ့ဘဝထဲသို့ ပြန်လည်ဝင်ရောက်ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ထုတ်ပြန်ချက်ကို တွေ့မြင်ရကြောင်း၊ နိုင်ငံရေးသမားအမည်ခံပြီး တိုင်းပြည်ဖျက်ဆီးရေးကို တစိုက်မတ်မတ်လုပ်ဆောင်နေကြသည့်သူများ၏ အသုံးချခံဖြစ်နေသည့် လူငယ်များကို ပြည်သူ့ဘဝထဲ ဝင်ရောက်ကြရန် ကြိုဆိုပေးသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအားလုံးကိုလည်း မိမိတို့သူရိယနေဝန်းမီဒီယာမှ အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခုလိုနိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သော်လည်း တစ်ဖက်တွင် DKBA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောစတီး ပြောသလို စစ်တိုက်စားနေသည့် လူတန်းစားတစ်စုပေါ်ပေါက်လာပြီး စစ်တိုက်စားရသည့် အရသာကို ကောင်းကောင်းကြီးတွေ့နေကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်မလာနိုင်သေးသည့် ထိုအဖွဲ့တချို့သည် စစ်တိုက်စားရသည့် အရသာကို တွေ့ပြီး လက်နက်ချအလင်းဝင်ရန်မဆိုထားနှင့် မိမိဒေသတွင် ယခုထက်ပိုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ပြဋ္ဌာန်းခွင့်များ ပိုမိုရရှိနိုင်သည်ကိုသိပါလျက်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို တက်ရောက်မလာကြသေးကြောင်း၊ PDF အဖွဲ့အစည်းများကလည်း လက်နက်ကိုင်ပြီး အကြမ်းဖက်သည့်အရသာ၊ ဆက်ကြေးကောက်ရသည့်အရသာ၊ ဓားပြတိုက်ခြိမ်းခြောက်ရသည့်အရသာကို ကောင်းကောင်းကြီးတွေ့နေကြပြီးဖြစ်ကြောင်း၊ RCSS ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ယွက်စစ်ပြောသလို PDF များက ကြာလာလျှင် ဓားပြဂိုဏ်းများဖြစ်လာနိုင်သည့်အတွက် ခေတ်သစ်(ဗကပ)ဖြစ်သည့် PDF နှင့် အခြားအမည်ခံအဖွဲ့အမျိုးမျိုးကို လက်နက်အပ်နှံပြီး ပြည်သူ့ဘဝ ပြန်လည်ဝင်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အချိန်အတိုင်းအတာကန့်သတ်ချက်များရှိပါသလား၊ အချိန်အတိုင်းအတာကျော်လွန်သွားသည့်အချိန်ဖြစ်ပါက မည်သို့နှိမ်နင်းမှုမျိုး ပြုလုပ်မည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**EAO များနှင့် PDF အဖွဲ့များ၏ ကွာခြားချက်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က EAO များနှင့် PDF အဖွဲ့များ၏ ကွာခြားချက်ကိုလည်း မိမိတို့ပြောပြီးဖြစ်ကြောင်း၊ တချို့ EAO အဖွဲ့များသည် နှစ်ပေါင်းများစွာက ပေါ်ပေါက်ခဲ့သည့်အဖွဲ့ရှိသလို တချို့ EAO အဖွဲ့များအနေဖြင့် ၂၀၁၇ ခုနှစ်မှ ပေါ်ပေါက်လာသည့်အဖွဲ့များရှိကြောင်း၊ တော်တော်များများက ၎င်းတို့၏ တိုင်းရင်းသားလူမျိုးများအရေး၊ ၎င်းတို့ဒေသအရေးကို တောင်းဆိုရင်း EAO ဖြစ်လာသည့်အဖွဲ့များလည်းရှိကြောင်း၊ အခြားအကြောင်းအမျိုးမျိုးကြောင့်ဖြစ်လာသည့် EAO များလည်းရှိကြောင်း၊ EAO အဖွဲ့များ၏ လက်နက်ကိုင်ဆောင်ရွက်နေခြင်းသည် ထိုအရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ PDF အဖွဲ့များ၏ လက်နက်ကိုင်ဆောင်ရွက်နေခြင်းသည် ၎င်းတို့နှင့်တခြားစီဖြစ်နေကြောင်း၊ မိမိတို့ပြောခဲ့သည့် မဲမသမာမှုကြောင့်ဖြစ်သည့်အတွက် မဲမသမာမှုများရှင်းလင်းပေးရန် အကြိမ်ကြိမ် အချိန်များစွာတောင်းဆိုခဲ့ကြောင်း၊ လူသိရှင်ကြားပြောခဲ့ကြောင်း၊ ယင်းကိစ္စများကို လုပ်ဆောင်ခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်သွားသည့်လူများက လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ EAO များက ရည်မှန်းတိုက်ခိုက်ခြင်းသည် အစိုးရကိုတိုက်ခိုက်ခြင်းဖြစ်ပြီး ၎င်းတို့၏ ဒေသအကျိုးနှင့်ပတ်သက်ပြီး အစိုးရကို တောင်းဆိုရာတွင် မရသည့်အတွက် အစိုးရကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ PDF များ၏လှုပ်ရှားမှုသည် EAO များနှင့်မတူဘဲ အစိုးရကို တိုက်ခိုက်ခြင်းထက် ပြည်သူလူထုကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ မှန်/မမှန် သေချာစဉ်းစားစေလိုကြောင်း၊ EAO များက စာသင်နေသည့် ကလေးများကို ဝင်ပြီးပစ်သွားသည့်ဖြစ်စဉ်မျိုးရှိပါသလား၊ EAO များသည် အစိုးရတပ်များ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ တချို့လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်ကြောင်း၊ မည်သည့်အတွက်ကြောင့် တိုက်ခိုက်သလဲဆိုလျှင် ၎င်းတို့၏ဒေသနှင့် လူမျိုးစု၏အကျိုးကို တောင်းဆို၍မရသည့်အတွက် အစိုးရကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း။

**လမ်းမှားရောက်နေသည့်သူများကိုသာ ဖိတ်ခေါ်**

PDF အများစု လုပ်ဆောင်နေခြင်းသည် ပြည်သူလူထုကို ဒလန်ဟုစွပ်စွဲပြီး သတ်ဖြတ်ခြင်းဖြစ်ကြောင်း၊ သတ်ဖြတ်ခြင်းခံရသည့်လူသည် ဒလန် ဟုတ်/မဟုတ် မသိဘဲ မကျေနပ်သည့်အတွက်သတ်ကြောင်း၊ NLD ပါတီအဖွဲ့ဝင်အချင်းချင်းသာမက ယခင်က ၎င်းတို့ကို အားပေးနေသည့် အချင်းချင်းကိုပင် သတ်ဖြတ်ကြကြောင်း၊ ထို့ပြင် ဘုန်းကြီးများကိုလည်း သတ်ဖြတ်ကြကြောင်း၊ မည်သည့် EAO အဖွဲ့ကမှ ဘုန်းကြီးများနှင့်ပတ်သက်ပြီး သတ်ဖြတ်ခြင်းရှိပါသလား၊ တော်တော်ရှားပါးသည့် ဖြစ်စဉ်ဖြစ်ကြောင်း၊ စာသင်ကျောင်းများတိုက်ခိုက်ကြောင်း၊ ယခင်ကိုဗစ်ကာလဖြစ်ချိန်တွင် ဆေးရုံများကိုတိုက်ခိုက်ကြောင်း၊ မည်သည့် EAO အဖွဲ့မှ ထိုသို့မလုပ်ကြောင်း၊ PDF များက ပြည်သူလူထုပိုင်သည့်အဆောက်အအုံများနှင့် ပြည်သူလူထုကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများ၊ ဆရာ ဆရာမများကို တိုက်ခိုက်ပြီး သတ်ဖြတ်ကြောင်း၊ PDF အဖွဲ့များထဲတွင် ရောက်နေသည့်လူများကို သိစေလိုကြောင်း၊ ၎င်းတို့ကို ကြိုးကိုင်ပြီး လုပ်ဆောင်ခြင်းသည် ၎င်းတို့ လုပ်ရပ်မှန်/မမှန် သိစေလိုကြောင်း၊ PDF၊ NUG၊ CRPH အမည်ခံအဖွဲ့များနှင့် ဆွေးနွေးခြင်းမဟုတ်ကြောင်း၊ ထိုအထဲတွင် လမ်းမှားရောက်နေသည့်သူများ၊ မသိလိုက်မသိဘာသာ ကျူးလွန်နေသူများကို မိမိတို့ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ EAO အဖွဲ့များနှင့်မတူကြောင်း၊ EAO အဖွဲ့များကို ဖိတ်ခေါ်ခြင်းသည် ဥက္ကဋ္ဌကိုယ်တိုင်၊ EAO အဖွဲ့အစည်းတစ်ရပ်လုံးကို ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ PDF အဖွဲ့များနှင့် EAO အဖွဲ့များက ဖြစ်တည်မှုချင်း၊ ရပ်တည်မှုချင်း မတူကြောင်း၊ သေချာပြန်စဉ်းစားကြည့်လျှင် မည်သူတို့ကို တိုက်ခိုက်နေသည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ PDF အဖွဲ့များသည် ပြည်သူလူထုကို တိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အထဲတွင် လမ်းမှားရောက်နေသည့်သူများကိုသာ ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း။

**ဝင်ရောက်လာနိုင်သည့်အချိန်ထိ လက်ခံသွားမည်**

ယနေ့ဆိုလျှင် ၃၈ ဦး ဝင်ရောက်လာကြောင်း၊ ကျန်သည့်သူများ၊ PDF ထဲရောက်နေသည့် လမ်းမှားရောက်နေသည့်သူများလည်း ဝင်ရောက်လာရန် ဆက်သွယ်နေခြင်းများလည်းရှိကြောင်း၊ တစ်ဆက်တည်း သတိပေးလိုသည်မှာ ၎င်းအဖွဲ့များကို အားပေးအားမြှောက်လုပ်နေသည့် တချို့သော EAO အဖွဲ့အစည်းများရှိကြောင်း၊ ယင်း EAO အဖွဲ့အစည်းများထဲ၌ ထိုအဖွဲ့အစည်းများနှင့်ပတ်သက်ပြီး သဘောထားကွဲလွဲမှုများရှိကြောင်း၊ ထို့ကြောင့် ယခင်ကတည်းက တည်ရှိခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် PDF အဖွဲ့အစည်းများ ရပ်တည်ချက်လုပ်ဆောင်မှုချင်း မတူညီကြောင်း၊ နိုင်ငံပေါ်တွင်ဖြစ်စေ၊ မိမိတို့၏ဒေသပေါ်တွင်ဖြစ်စေ ထားရှိသည့်ခံယူချက်ချင်းလည်း မတူကြောင်း၊ ယင်းမတူညီမှုများကို အားပေးအားမြှောက်ပြုခြင်းသည် ထို EAO အဖွဲ့များထဲတွင်၊ ၎င်းတို့ကြားထဲတွင် ကူးစက်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့လက်ခံသွားမည်မှာ PDF အမည်ခံအဖွဲ့များ၊ လမ်းမှားရောက်နေသည့် အဖွဲ့များကိုလည်း သားသမီးချင်း ကိုယ်ချင်းစာနာကြောင်း၊ တောင်းဆိုမှုများရှိသည့်အတွက် တတ်နိုင်သမျှ ဝင်ရောက်လာနိုင်သည့်အချိန်ထိ လက်ခံသွားမည်ဖြစ်ကြောင်း၊ တချို့သောသတင်းများလည်း ကြားသိနေရကြောင်း၊ အလင်းဝင်ချင်သော်လည်း ခြိမ်းခြောက်မှုများခံရကြောင်း၊ ထွက်မလာနိုင်ဘူးဆိုသည့်သတင်းများလည်းကြားနေရကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများကလည်း တတ်နိုင်သမျှ အတတ်နိုင်ဆုံး အလျှို့ဝှက်ဆုံး၊ လုံခြုံမှုအရှိဆုံးဖြစ်ရန် အစွမ်းကုန် ကူညီဆောင်ရွက်ပေးသွားမည်ဟု မိမိပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော်အွန်လိုင်း သတင်းအေဂျင်စီမှ ဦးဝင်းနိုင်**က လောင်စာဆီဈေးနှုန်းမြင့်တက်မှုကြောင့် လက်ရှိကားခဈေးနှုန်းများအဆမတန် မြင့်တက်နေပြီး ခရီးသွားအခြေခံလူတန်းစား မိဘပြည်သူများ ခရီးစရိတ်သက်သာသော မြန်မာ့မီးရထားကို အားကိုးအားထားပြုပြီး သွားလာနေခြင်းကို တွေ့မြင်ရကြောင်း၊ မြန်မာ့မီးရထားပြေးဆွဲနေမှုများကလည်း ယခင်က ရန်ကုန်-မန္တလေး အမြန်ရထားသုံးစင်း အစုန်/အဆန်ပြေးဆွဲနေရာက ယခုအချိန် အမြန်ရထားတစ်စင်းသာ အစုန်/အဆန် ပြေးဆွဲနေခြင်းသာရှိပြီး တချို့နေရာများ၌ နေ့စဉ်ပြေးဆွဲနေမှုများမရှိဘဲ ယာယီဖျက်သိမ်းထားခြင်းကြောင့် ခရီးသွားမိဘပြည်သူများအနေဖြင့် ခရီးအဆင်မပြေမှုများရှိသည်ကိုကြားသိခဲ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် မြန်မာ့မီးရထား ခရီးသွားအခြေခံလူတန်းစားမိဘပြည်သူများ ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကိုသိလိုကြောင်း မေးမြန်းသည်။

**လုံခြုံရေးအရ ပြေးဆွဲနိုင်ခြင်းမရှိသေး**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တချို့ရထားလမ်းပိုင်းများ မပြေးဆွဲနိုင်သေးသည်မှာလည်း ယခုအချိန်ထိရှိနေသေးကြောင်း၊ မိုင်းထောင်၊ မိုင်းခွဲတိုက်ခိုက်ခံရခြင်းကြောင့် လုံခြုံရေးအရ ပြေးဆွဲနိုင်ခြင်းမရှိသေးကြောင်း၊ ယခုလောလောဆယ်အချိန်တွင် မိမိတို့က လမ်းပိုင်းအသီးသီး၌ ခရီးဝေးရထား ၂၈ စင်းပြေးဆွဲနေခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့ပတ် ၂၂ စင်း၊ စုစုပေါင်း ၅၀ ပြေးဆွဲလျက်ရှိကြောင်း၊ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ယခုလက်ရှိရထားခြောက်စင်း ပြေးဆွဲပေးလျက်ရှိကြောင်း၊ ခရီးသွားများ အခက်အခဲများရှိခြင်းကို သိရှိထားကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မကြာမီလပိုင်းခန့်တွင် အစုန်/အဆန်ရထားနှစ်စင်း ထပ်မံပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် ယခု နှစ်စင်းပြေးဆွဲလျက်ရှိကြောင်း၊ ထပ်မံ၍ ထပ်တိုးနှစ်စင်း ပြေးဆွဲရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်-ပြည်လမ်းတွင် ခြောက်စင်းပြေးဆွဲလျက်ရှိပြီး ထပ်မံပြီး နှစ်စင်း ပြေးဆွဲနိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်က လူဦးရေထူထပ်သောကြောင့် လက်ရှိမြို့ပတ်ရထား ၂၂ စင်းပြေးဆွဲလျက်ရှိကြောင်း၊ နောက်ထပ်လေးစင်း ထပ်မံပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ရထားများက ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် တစ်ရက်ကိုလေးစင်း အခြေခံလူသုံးကုန်၊ စားသောက်ကုန်တင်သည့်ရထားများက နှစ်စင်း၊ ကွန်တိန်နာအထူးရထားလေးစင်း ပြေးဆွဲလျက်ရှိကြောင်း၊ ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းတွင် ကျောက်ရထားနှစ်စင်း စုစုပေါင်းရှစ်စင်း ပြေးဆွဲလျက်ရှိကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်ပြီး ပြည်သူလူထုကို မိမိအသိပေးပြောကြားလိုသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ရထားလမ်းများ၊ ရထားတွဲများ အဆင့်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ရထားလမ်းပိုင်းများ မြှင့်တင်ရေး၊ ရထားလမ်းပိုင်းများပြေးဆွဲနိုင်ရေးနှင့်ပတ်သက်ပြီး မကြာခဏစစ်ဆေးဆောင်ရွက်လျက်ရှိပြီး အထူးစိတ်ပါဝင်စားမှုရှိကြောင်း၊ ပြည်သူလူထု လိုအပ်ချက်များရှိလာလျှင် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်ပြီး ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးကိုလည်း အဓိကထားလုပ်ဆောင်လျက်ရှိကြောင်း၊ လိုအပ်ချက်များရှိလျှင်လည်း ယခုကဲ့သို့အသိပေးစေလိုကြောင်း၊ မိမိတို့အနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဖြစ်အောင် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဟု ပြန်လည်ဖြေကြားသည်။

**Weekly Eleven မီဒီယာမှ အယ်ဒီတာချုပ် ဒေါက်တာမင်းလွင်**က မိမိမေးမည့်မေးခွန်းနှင့်ပတ်သက်ပြီး အချက်အလက်တချို့ချပြရန် အချိန်မရှိသည့်အတွက် စာရွက်ပေးခဲ့မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်း၏ အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး အမှုများစွာရှိကြောင်း၊ ထိုအမှုများထဲတွင် YBS ကိစ္စဆိုလျှင် ၎င်းအောက်က ဝန်ကြီးများနှင့် ဝန်ထမ်းများ အရေးယူခံရကြောင်း၊ တာဝန်ရှိအဆုံးဖြစ်သည့် ၎င်းကို အရေးယူခံရသည်ကို မတွေ့ရကြောင်း၊ ယခင်က ဦးဖြိုးမင်းသိန်းကြောင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှု ခန့်မှန်းတွက်ချက်မှုအရဆိုလျှင် ကျပ်ဘီလီယံထောင်ချီရှိနိုင်ကြောင်း၊ တခြားတိုင်းဒေသကြီးဝန်ကြီးချုပ်များကြောင့် နိုင်ငံတော်ထိခိုက်နစ်နာမှုသည် ဘီလီယံတစ်ရာခန့်သာရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့အပေါ် စွဲဆိုထားမှုအရဆိုလျှင် အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုတန်ဖိုးသည် ကျပ်ငွေလေးဘီလီယံကျော်ခန့်သာရှိကြောင်း၊ ထို့ကြောင့် NLD အစိုးရလက်ထက်က အဖွဲ့ဝင်များထဲတွင် ဦးဖြိုးမင်းသိန်းကြောင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုတန်ဖိုးက အများဆုံးဖြစ်သည်ဟု ယူဆရကြောင်း၊ သို့သော် အရေးယူသည့်အခါ ၎င်းသည် ကွက်ကျန်နေခဲ့ပြီး ကျန်ရှိသည့်သူများကို အရေးယူသည်ကို Political Motivated ဖြစ်နေမလားဟု မေးခွန်းထုတ်လိုကြောင်း၊ ဦးဖြိုးမင်းသိန်းသည် ဝန်ကြီးချုပ်မဖြစ်ခင်က မောင်ထော်လေးလမ်းက တိုက်ခန်း၌နေကြောင်း၊ ၎င်း၏အမျိုးသမီးသည် ရွှေဆိုင်ခပ်သေးသေးသာပိုင်ကြောင်း၊ စာမျက်နှာ ၁၁ သို့ ❖


သူရိယနေဝန်းသတင်းထောက် ဒေါ်သဇင်ဦး


နေပြည်တော်အွန်လိုင်းသတင်းအေဂျင်စီမှ ဦးဝင်းနိုင်


Myanmar Nation Voice မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး

❖ စာမျက်နှာ ၁၀ မှ

၎င်းဝန်ကြီးချုပ်ဖြစ်လာပြီးနောက် ဒေါ်အောင်ဆန်းစုကြည်ကို ရွှေခုနစ်ပိဿာနှင့် ဒေါ်လာ ခြောက်သိန်းဖိုးခန့်အထိ ပေးနိုင်လောက်အောင် ချမ်းသာသွားခဲ့ကြောင်း၊ ၎င်း၏ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများရှိပါသလားသိလိုကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ဦးဖြိုးမင်းသိန်းနှင့်ပတ်သက်သည့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများအားလုံးကို အချိန်အကန့်အသတ်နှင့် စုံစမ်းစစ်ဆေးရန်အစီအစဉ် ရှိ၊ မရှိနှင့် စုံစမ်းစစ်ဆေးမှုလုပ်မည်ဆိုလျှင် ပွင့်လင်းမြင်သာစွာထုတ်ပြန်ပေးရန်အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**တရားမျှတစွာ ဆုံးဖြတ်သွားလိမ့်မည်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သတင်းထောက်ကြီးမေးသည့်ကိစ္စနှင့်ပတ်သက်၍ ယခင်သတင်းစာရှင်းလင်းပွဲတွင်လည်း မိမိအနေဖြင့် တစ်စွန်းတစ်စဖြေကြားခဲ့ပြီးဖြစ်ကြောင်း၊ တချို့သောအမှုကိစ္စများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် စစ်ဆေးမှုများလည်းရှိကြောင်း၊ စစ်ဆေးရာတွင် မူလကိစ္စကို စစ်ဆေးခြင်းနှင့် ဆက်စပ်မှုများကိုစစ်ဆေးခြင်းလည်းရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့်တွေ့ရှိမှုများ၊ ရရှိချက်များတွင် မည်သည့်အကြောင်းအရာကိုမျှ ကွယ်ဝှက်ထားစရာအကြောင်းလည်း မရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ တင်ပြချက်များ၊ တွေ့ရှိချက်များအပေါ်တွင် မူတည်၍ တရားမျှတစွာဆုံးဖြတ်သွားလိမ့်မည်ဟုသာ ပြောလိုကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ဖြည့်စွက်ဖြေကြားပေးစေလိုကြောင်း ပြန်လည်ဖြေကြားသည်။

**ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်သွားမည်**

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦး**က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် မြန်မာနိုင်ငံက ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး Convention ကို ၂၀၀၅ ခုနှစ်တွင် လက်မှတ်ထိုးဝင်ရောက်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင်အတည်ပြုလက်မှတ်ရေးထိုးဝင်ရောက်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး Convention ၏ ပြဋ္ဌာန်းချက်များကို မူတည်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိုရေးဆွဲခဲ့ကြောင်း၊ ထိုသို့ရေးဆွဲပြီးနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဥပဒေတွင်ပါသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အပ်နှင်းပြီး ယင်းကော်မရှင်ကိုဖွဲ့စည်းခဲ့ကြောင်း၊ ကော်မရှင်ကိုဖွဲ့စည်းခဲ့သည့်ရည်ရွယ်ချက်သည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး Convention တွင်ပါသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ အစိုးရအဆက်ဆက်ကော်မရှင်က သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်စေရန်ဦးတည်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သူ့ကိုမျှ ပုဂ္ဂိုလ်ရေးအရ အငြိုးထားပြီး ဆောင်ရွက်ခြင်းမရှိပါကြောင်း၊ ပေးပို့သည့်တိုင်ကြားစာပေါ်တွင်မူတည်ပြီး တိုင်ကြားစာအရ စုံစမ်းစစ်ဆေးရေး အဖွဲ့ဖွဲ့ပြီးစစ်ဆေးပါကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ တရားစွဲတင်သည့်ကိစ္စရပ်များ ဆောင်ရွက်ပါကြောင်း၊ ယခင်ကလည်း ယင်းစနစ်အတိုင်းဖြစ်ပြီး နောင်တွင်လည်း ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

**VOM သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က မြန်မာနိုင်ငံတွင် ဆန်လုပ်ငန်းရှင်များအသင်း၊ ဆီလုပ်ငန်းရှင်များအသင်း စသည်ဖြင့် အသင်းအဖွဲ့များရှိကြောင်း၊ အလားတူ ရေသန့်လုပ်ငန်းရှင်များအသင်းဟူ၍လည်း အသင်းအဖွဲ့တစ်ခုရှိနေကြောင်း၊ အဆိုပါရေသန့်လုပ်ငန်းရှင်များအသင်းသည် တရားဝင်ဖွဲ့စည်းထားသည့် အသင်းဟုတ်၊ မဟုတ်သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အသင်းအဖွဲ့များလျှောက်ထားမှုနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းထောက်ကြီး မေးမြန်းသည့် ရေသန့်လုပ်ငန်းရှင်များအသင်းကို မိမိအနေဖြင့် မတွေ့မိကြောင်း၊ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းစေလိုကြောင်း ပြန်လည်ဖြေကြားသည်။

> **ဓိမ်ခံပစ္စည်းများ၊ တစ်ဦးချင်း ကားပါမစ်များ စသည်ဖြင့်တင်သွင်းခွင့်မပြုသည့်အမည်များလည်းရှိကြောင်း၊ ယခင်ကတင်သွင်းခွင့်ပြုခဲ့သော်လည်း လက်ရှိတွင် မြန်မာနိုင်ငံအတွက် ကားလုံလောက်မှုရှိခြင်းကြောင့် လောလောဆယ်ယာယီအဖြစ် တစ်ဦးချင်းကားပါမစ်တင်သွင်းမှုများလည်း ကန့်သတ်ထားမှုများရှိကြောင်း၊ ထို့ကြောင့် ဓိမ်ခံပစ္စည်းများ၊ လိုအပ်သည့်အမည်များကို စိစစ်ကန့်သတ်ခွင့်ပြုပြီး ပြည်တွင်းအတွက်လိုအပ်သည့် စက်မှုကုန်ကြမ်း၊ စားသောက်ကုန်ကြမ်း၊ ပြည်တွင်းတွင်ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ဦးစားပေးတင်သွင်းလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာထုတ်ကုန်ပစ္စည်း၊ မွေးမြူရေးပစ္စည်းနှင့် သက်ဆိုင်သည့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ တိရစ္ဆာန်အစားအစာ၊ ဆေးဝါး စသည့်အမည်များကို ဦးစားပေးပြီး တင်သွင်းခွင့်ပြုပေးထား**

**Bloomberg Myanmar မှ သတင်းထောက် ဒေါ်ပိုးသီဂီကျော်**က လက်ရှိတွင် သွင်းကုန်အမည်တချို့တင်သွင်းရန် ယာယီပိတ်ပင်ထားသည့်အပြင် အချို့သွင်းကုန်ပါမစ်များကို ထုတ်ပေးရာတွင်လည်း ကြန့်ကြာမှုများရှိနေသည်ကို သွင်းကုန်လုပ်ငန်းရှင်များထံမှ သိရကြောင်း၊ အဆိုပါကိစ္စများနှင့်ပတ်သက်၍ မည်သည့်အချိန်တွင် ဖြေလျှော့ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်းမေးမြန်းသည်။

**ဓိမ်ခံပစ္စည်းများကဲ့သို့**
**ကုန်ပစ္စည်း တင်သွင်းမှုစိစစ်ကန့်သတ်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိတို့အနေဖြင့် ပစ္စည်းမှာယူတင်သွင်းမှုအခြေအနေနှင့် ပတ်သက်ပြီး လေကြောင်း၊ ရေကြောင်းများနှင့် နယ်စပ်ကုန်သွယ်မှုစခန်းများမှ ကုန်သွယ်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ပြည်ပမှကုန်ပစ္စည်းတင်သွင်းမှု သွင်းကုန်လိုင်စင် လျှောက်ထားမှုအပေါ်တွင် ကုန်ပစ္စည်းတန်ဖိုးပေးချေရန် လိုအပ်သည့် နိုင်ငံခြားသုံးငွေ လဲလှယ်လွှဲပြောင်းခွင့်ရရှိရေးအတွက် နိုင်ငံခြားသုံးငွေ ကြီးကြပ်ရေးကော်မတီ အစည်းအဝေးသို့တင်ပြပြီး ခွင့်ပြုချက်ရရှိပါက သွင်းကုန်လိုင်စင်ထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံခြားသုံးငွေကြီးကြပ်ရေးကော်မတီ အစည်းအဝေးကို အပတ်စဉ် အင်္ဂါနှင့်ကြာသပတေးနေ့များတွင် တစ်ပတ်လျှင်နှစ်ကြိမ် ကျင်းပလျက်ရှိကြောင်း၊ ပြည်တွင်းသုံးစွဲရန်လိုအပ်သည့် ကုန်ပစ္စည်းများ ပြည်ပမှ ဝယ်ယူတင်သွင်းမှုများတွင် နိုင်ငံတော်အတွက် အခြေခံမရှိမဖြစ်လိုအပ်သည့် ကုန်ပစ္စည်းများအား ဦးစားပေးစိစစ်ခွင့်ပြုလျက်ရှိပါကြောင်း၊ အချို့သော ကုန်ပစ္စည်းများအား ကန့်သတ်ထားသည်များရှိကြောင်း၊ နိုင်ငံခြားသုံးငွေများကို နိုင်ငံတော်၏ လိုအပ်ချက်အတိုင်း အပြည့်အဝသုံးစွဲနိုင်ရေးနှင့် နိုင်ငံခြားသုံးငွေမလိုအပ်ဘဲ ပြည်ပသို့စီးထွက်မှုတားဆီးနိုင်ရေးအတွက် စနစ်တကျစိစစ်ကြပ်မတ်လျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် အခြေခံမရှိမဖြစ်လိုအပ်ခြင်းမရှိသည့် ဓိမ်ခံပစ္စည်းများကဲ့သို့ ကုန်ပစ္စည်းတင်သွင်းမှုအား မိမိတို့အနေဖြင့် စိစစ်ကန့်သတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် တရုတ်နယ်စပ်တွင် ယွမ်နှင့်ကျပ်ငွေကြေး အသုံးပြုပြီး လုပ်ဆောင်ခြင်းများ၊ ထိုင်း၊ မြဝတီ၊ တာချီလိတ်ကုန်သွယ်ရေးစခန်းများတွင် ဘတ်နှင့် ကျပ်အသုံးပြုပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးနေသည့်အပြင် ဗဟိုဘဏ်အနေဖြင့်လည်း ခွင့်ပြုပေးထားသည့် ငွေကြေးအမျိုးအစားအားလုံးနှင့် ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**တစ်ဦးချင်းကားပါမစ်တင်သွင်းမှုများလည်း**
**ကန့်သတ်ထား**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုနှင့်ပတ်သက်ပြီး ပင်လယ်ရေကြောင်း၊ လေကြောင်းတို့မှ ခွင့်ပြုထားသည့်အပြင် နယ်စပ်စခန်းများမှလည်း တင်ပို့၊ တင်သွင်းမှုများခွင့်ပြုထားကြောင်း၊ ဧပြီ ၄ ရက်နေ့မှစတင်ပြီး ဗဟိုဘဏ်၏ အမိန့်ညွှန်ကြားချက်နှင့်အညီ နိုင်ငံခြားငွေကြီးကြပ်မှုကော်မတီမှ ဖွဲ့စည်းပြီး ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအတွက် ကော်မတီကိုတင်ပြရာ ကော်မတီမှစိစစ်ပြီး ခွင့်ပြုလျက်ရှိကြောင်း၊ ဓိမ်ခံပစ္စည်းများ၊ တစ်ဦးချင်းကားပါမစ်များ စသည်ဖြင့်တင်သွင်းခွင့်မပြုသည့်အမည်များလည်းရှိကြောင်း၊ ယခင်ကတင်သွင်းခွင့်ပြုခဲ့သော်လည်း လက်ရှိတွင်မြန်မာနိုင်ငံအတွက် ကားလုံလောက်မှုရှိခြင်းကြောင့် လောလောဆယ်ယာယီအဖြစ် တစ်ဦးချင်းကားပါမစ်တင်သွင်းမှုများလည်း ကန့်သတ်ထားမှုများရှိကြောင်း၊ ထို့ကြောင့် ဓိမ်ခံပစ္စည်းများ၊ လိုအပ်သည့်အမည်များကို စိစစ်ကန့်သတ်ခွင့်ပြုပြီး ပြည်တွင်းအတွက်လိုအပ်သည့် စက်မှုကုန်ကြမ်း၊ စားသောက်ကုန်ကြမ်း၊ ပြည်တွင်းတွင်ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကို ဦးစားပေးတင်သွင်းလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာထုတ်ကုန်ပစ္စည်း၊ မွေးမြူရေးပစ္စည်းနှင့်သက်ဆိုင်သည့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ တိရစ္ဆာန်အစားအစာ၊ ဆေးဝါးစသည့်အမည်များကို ဦးစားပေးပြီးတင်သွင်းခွင့်ပြုပေးထားကြောင်း၊ ဓိမ်ခံပစ္စည်းတင်သွင်းမှုအား နောက်ဆုံးအဆင့်တွင်သာ တင်သွင်းခွင့်ပြုထားကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံခြားငွေ ဒေါ်လာဈေးနှုန်းကြီးမြင့်မှုမရှိစေရန် ထိန်းညှိပြီး ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ကြောင်း၊ လက်ရှိ တစ်ဒေါ်လာကို ၁၈၅၀ ကျပ်နှုန်း ဖြင့် လက်ရှိ Export လုပ်ကိုင်သည့် ကုန်သည်လုပ်ငန်းရှင်များအား ပြန်လည်ထုတ်ပေးလျက်ရှိသကဲ့သို့ပြည်ပမှ တင်သွင်းမည့်သူများအတွက်လည်း လိုင်စင်ချပေးမှုနှင့်အတူ တစ်ဒေါ်လာကို ၁၈၅၀ ကျပ်နှုန်းဖြင့် ရောင်းချပေးပြီး ခွင့်ပြုပေးလျက်ရှိကြောင်းဖြင့် ဖြည့်စွက်ပြောကြားသည်။

**Myanmar Nation Voice မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် တပ်မတော်မှ အာဏာထိန်းခဲ့ကြောင်း၊ သို့သော် ဥပဒေကိုမလိုက်နာဘဲ အကြမ်းဖက်သူများ၏ လုပ်ဆောင်မှုများကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝအေးချမ်းသာယာရေးတို့ကို စီမံဆောင်ရွက်ရာတွင် လိုသလောက် ခရီးမပေါက်သေးဟု မိမိအနေဖြင့် မြင်မိကြောင်း၊ အချို့နေရာများတွင် အတော်ဆိုးရွားနေသည်ဟုထင်မိကြောင်း၊ အနုပညာရှင်များ၊ (ပုဒ်မ-၅၀၅) ဖြင့်တရားစွဲဆိုခြင်းခံရထားသူများ၊ တောအတွင်းသို့ရောက်ရှိနေသူများကို နိုင်ငံတော်မှ ပြန်လည်ခေါ်ယူမှုများရှိနေသော်လည်း Myanmar Idol အဆိုတော်ဇင်ကြီး အသတ်ခံရကြောင်း၊ အလားတူ သရုပ်ဆောင်ယဉ်လတ်၏ နေအိမ်အား ဒုတိယအကြိမ် ဗုံးထောင်ခြင်းခံခဲ့ရသည်ကို ကြည့်ခြင်းအားဖြင့် အကြမ်းဖက်သမားများက အနုပညာသမားများဘက်သို့ဦးတည်လုပ်ဆောင်လာသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် အဆိုပါအနုပညာရှင်များကို နိုင်ငံတော်မှ မည်သို့ကာကွယ်ပေးမည်ကို သိလိုကြောင်းနှင့် လက်ရှိပုံစံဖြင့် ဆက်သွားနေမည်ဆိုပါက မိမိတို့ မျှော်မှန်းထားသည့်ပန်းတိုင်မှာ ဝေးနေဦးမည်ဖြစ်ကြောင်း၊ ဥပဒေဘောင်အတွင်းတွင် အေးချမ်းသာယာစွာ နေထိုင်လိုသောသူများ၊ တပ်မတော်ကို လေးစားချစ်ခင်အားကိုးယုံကြည်ကြသည့် ရဟန်းသံဃာ၊ ပြည်သူများကို ထောက်ထားညှာတာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်အနေဖြင့် အချိန်ကာလတစ်ခုအနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မျက်ကွယ်ပြုကျော်လွှန်ပြီး ငြိမ်ဝပ်ပိပြားသာယာအေးချမ်းသည်အထိ ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အနုပညာရှင်များသည် အများအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် နေထိုင်သူများပြားကြောင်း၊ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် တပ်မတော်၊ နယ်မြေခံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းပြီး လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရပ်ကွက်အတွင်း ဧည့်စာရင်းစစ်ဆေးခြင်း၊ အများသူငါသွားလာနေသည့် မသင်္ကာဖွယ်နေရာများကို ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အနုပညာရှင်များနှင့် ဆက်စပ်သည့်နေရာများတွင်လည်း လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနုပညာရှင်များအနေဖြင့် မိမိတို့အား အသက်အန္တရာယ်ခြိမ်းခြောက်မှုများပြုလာပါက သာမန်ဆက်သွယ်မှု လမ်းကြောင်းအပြင် အခြားဆက်သွယ်မှုလမ်းကြောင်းများကိုပါ ၎င်းတို့အား ပြောပြထားပြီးဖြစ်ကြောင်း၊ ယင်းအပြင်နေအိမ်များ၊ ဖြစ်နိုင်ခြေရှိသည့်နေရာများကိုလည်း လုံခြုံရေးအင်အားထပ်မံတိုးမြှင့်ထားကြောင်း၊ သတင်းထောက်ကြီး ထပ်မံမေးမြန်းသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုကျော်လွှန်ပြီး ယခုလောလောဆယ်လုပ်ဆောင်စရာမရှိကြောင်း၊ မိမိတို့အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းသာ လုပ်ဆောင်မည်ဟု ပြောကြားထားပြီးဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်ပြီး တိုးမြှင့်ဆောင်ရွက်ခြင်းများ၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **Myanmar Nation Voice မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က ပခန်းကြီးရဲစခန်းမှူးနှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ယဉ်မင်းမြင့်ဆွေတို့ ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပြည်သူလူထုအနေဖြင့် နောက်ဆုံးအခြေအနေကိုသိလိုသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အဆိုပါကိစ္စနှင့်ပတ်သက်၍ ဌာနတွင်းအရေးယူရန် စုံစမ်းစစ်ဆေးရေးခုံရုံးဖြင့် ဆောင်ရွက်လျက်ရှိရာ ပြီးစီးပြီဟုသိရကြောင်း၊ ကျန်ရှိသည့်အဆင့်ကိုဆက်လက်လုပ်ဆောင်ရန်ကျန်ရှိမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၈ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၃၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၂၇,၂၇၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၅၀၈) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၀၃) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှအသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၉၉) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၀၇) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၆၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၆၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၂၉၃) ခု | (၃) ဦး |
| စုစုပေါင်း | (၅,၀၃၃) ခု | (၁၄) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/ သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၈၀၅၄၀၈၀ | ၈၃၉၄၇၅၇၆ | ၁၀၃၈၃၈၅ |
| ၂။ | အိန္ဒိယ | ၄၃၃၂၀၈၄၅ | ၄၂၇၁၅၁၉၃ | ၅၂၄၈၉၀ |
| ၃။ | ဘရာဇီး | ၃၁၇၅၆၁၁၈ | ၃၀၄၃၀၃၀၈ | ၆၆၉၂၁၇ |
| ၄။ | ပြင်သစ် | ၃၀၁၈၀၄၁၅ | ၂၉၃၇၀၁၄၇ | ၁၄၉၁၀၆ |
| ၅။ | ဂျာမနီ | ၂၇၂၁၁၈၆၆ | ၂၆၂၅၃၄၀၀ | ၁၄၀၂၉၂ |
| ၆။ | ဗြိတိန် | ၂၂၅၀၈၉၂၈ | ၂၂၀၈၉၇၈၇ | ၁၇၉၆၀၁ |
| ၇။ | ရုရှား | ၁၈၄၀၃၄၂၇ | ၁၇၈၂၈၈၃၇ | ၃၈၀၅၇၇ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၈၉၃၇၃ | ၁၈၁၁၇၃၈၄ | ၂၄၄၆၃ |
| ၉။ | အီတလီ | ၁၇၈၉၆၀၆၅ | ၁၇၁၅၃၆၃၆ | ၁၆၇၇၈၀ |
| ၁၀။ | တူရကီ | ၁၅၀၈၅၇၄၂ | ၁၄၉၈၆၃၄၀ | ၉၈၉၉၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၃၈၉၀၉ | ၉၆၁၇၁၈၀ | ၄၃၀၈၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၇၀၉၃၃ | ၅၉၀၄၁၃၈ | ၁၅၆၇၀၀ |
| ၃။ | မလေးရှား | ၄၅၄၂၇၀၅ | ၄၄၈၁၀၁၈ | ၃၅၇၃၅ |
| ၄။ | ထိုင်း | ၄၅၀၂၅၄၂ | ၄၄၅၁၅၆၉ | ၃၀၅၀၉ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၇၂၀၀ | ၃၆၃၁၈၆၄ | ၆၀၄၆၇ |
| ၆။ | စင်ကာပူ | ၁၃၇၀၉၈၁ | ၁၂၈၈၅၀၆ | ၁၄၀၅ |
| ၇။ | မြန်မာ | ၆၁၃၅၀၈ | ၅၉၂၅၀၃ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၂၁၄ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၈၅၂၄ | ၁၅၃၈၈၇ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီး၊ Disposable Face Mask ၇ ဒသမ ၆၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၁

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇွန် ၂၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီတစ်ခုမှ Laboxib Capsule အခု ၁၅၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၃၅၁ မျိုး (၃၉၆၅၉ ဒသမ ၇၅) ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည့် အိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံ ကုန်ကျ



**တိုကျို ဇွန် ၂၁**

ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည့် အိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံခန့် သို့မဟုတ် ဂျပန်ယန်း ၁ ဒသမ ၄၂၃၈ ထရီလီယံ ကုန်ကျခဲ့ကြောင်း တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ကြီးကြပ်ရေးကော်မတီက ပြောကြားသည်။

အဆိုပါ ကုန်ကျစရိတ်များသည် ဇွန် ၂၁ ရက်တွင် ကျင်းပသည့် တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ကြီးကြပ်ရေးကော်မတီ အမှုဆောင်ဘုတ်အဖွဲ့၏နောက်ဆုံးအစည်းအဝေးတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယင်းအားကစားပြိုင်ပွဲများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကြောင့် တစ်နှစ်ကြာရွှေ့ဆိုင်းခဲ့ရပြီးနောက် ၂၀၂၁ ခုနှစ်ရောက်မှသာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲအများစုသည် ပရိသတ်ဝင်ရောက်ကြည့်ရှုခွင့်မရရှိဘဲ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအားကစားပြိုင်ပွဲများ ကျင်းပခြင်းကြောင့် ကနဦးက ဂျပန်ယန်း ၁ ဒသမ ၆၄၄ ထရီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂ ဘီလီယံကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ယခုကုန်ကျခဲ့သည့် ကုန်ကျစရိတ်အား တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲကြီးကြပ်ရေးကော်မတီ၊ တိုကျိုမြို့တော်အစိုးရနှင့် ဗဟိုအစိုးရတို့က မျှဝေကျခံမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံ၏ နိုင်ငံပိုင်လုပ်ငန်းများတွင် ဘွဲ့ရလူငယ်အများအပြား ခန့်အပ်ရေး စီစဉ်ဆောင်ရွက်

**ပေကျင်း ဇွန် ၂၁**

တရုတ်နိုင်ငံ၏ နိုင်ငံပိုင်လုပ်ငန်းများတွင် ဘွဲ့ရလူငယ်အများအပြားခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံပိုင်လုပ်ငန်းများ စီမံခန့်ခွဲရေးကော်မရှင်၏ ပြောကြားချက်အရ သိရသည်။

၎င်းကော်မရှင်၏ အစည်းအဝေး၌ နိုင်ငံပိုင်လုပ်ငန်းများ၏ ဝန်ထမ်းစုဆောင်းရေးအစီအစဉ်ကို ချဲ့ထွင်ရန်နှင့် ဘွဲ့ရလူငယ်များအတွက် အလုပ်အကိုင်များပေးအပ်ရန် နိုင်ငံပိုင်လုပ်ငန်းများအား တိုက်တွန်းခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ၌ ယခုနှစ်အတွင်း လူငယ် ၁၀ ဒသမ ၇၆ သန်းသည် တက္ကသိုလ်များမှ ဘွဲ့ရရှိခဲ့သည်။ လက်ရှိအချိန်တွင် ဘွဲ့ရလူငယ်များအား အွန်လိုင်းမှ တွေ့ဆုံကာ အလုပ်များရွေးချယ်ခန့်အပ်သည့် အစီအစဉ်များ ဆောင်ရွက်နေပြီး မြို့ကြီးများတွင် နေထိုင်သည့်ဘွဲ့ရလူငယ်များအတွက် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အမေရိကန်နိုင်ငံ၌ ခြောက်လအရွယ်ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်မည်

**လော့စ်အိန်ဂျလိစ် ဇွန် ၂၁**

အမေရိကန်နိုင်ငံသည် နိုင်ငံအတွင်းရှိ ခြောက်လအရွယ်ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယခုသီတင်းပတ်အတွင်း စတင်ဆောင်ရွက်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ ကလေးငယ် ၁၉ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက လက်မှတ်ရေးထိုးအတည်ပြုပေးခဲ့ပြီးနောက် ယခုကဲ့သို့ ခြောက်လအရွယ်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးမည့်အစီအစဉ် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ အကြံပေးအဖွဲ့က အသက်ခြောက်လမှ လေးနှစ်အရွယ် ကလေးငယ်များအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန်နှင့် အသက်ခြောက်လမှ ငါးနှစ်အရွယ် ကလေးငယ်များအား Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် အကြံပြုထားကြောင်းသိရသည်။

အမေရိကန်နိုင်ငံ၌ အသက်ငါးနှစ်အောက် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုကို ဇွန် ၂၂ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း အိမ်ဖြူတော်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၇၃ သန်းကျော်ရှိလာ



**အဒစ်အဘာဘာ ဇွန် ၂၁**

အာဖရိကတိုက်၌ ဇွန် ၂၀ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၁၇၃၁၄၉၅ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ လက်ရှိတွင် အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၃၇၇၂ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၁၁၀၈၈၈၅ ဦးရှိလာကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း သိရသည်။

**ပြောကြား**

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၉၈၄၆၄၆ ဦးနှင့် မော်ရိုကိုနိုင်ငံ၌ ၁၁၈၅၉၉၀ ရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတောင်ပိုင်း ဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# တောင်ကိုရီးယားနိုင်ငံက ပြည်တွင်းဖြစ် အာကာသဒုံးပျံကို ပထမဆုံးအကြိမ် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့

**ဆိုးလ် ဇွန် ၂၁**

တောင်ကိုရီးယားနိုင်ငံသည် ပြည်တွင်းဖြစ်အာကာသဒုံးပျံကို ပထမဆုံးအကြိမ် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံအစိုးရက ယနေ့တွင် ကြေညာခဲ့သည်။

အဆိုပါ နူရီအမည်ရှိ ဒုံးပျံအား ယနေ့ညနေ ၄ နာရီတွင် နိုင်ငံတောင်ပိုင်းရှိ ဂိုဟာန်း အာကာသစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြည်တွင်းဖြစ် နူရီအမည်ရှိ ဒုံးပျံအမျိုးအစားကို လွှတ်တင်ခြင်းသည် ဒုတိယအကြိမ်လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်အောက်တိုဘာလအတွင်းက ပထမအကြိမ်လွှတ်တင်ခဲ့ရာတွင် စီစဉ်ထားသည့်ပတ်လမ်းအတွင်းသို့ ဝင်ရောက်ခဲ့ခြင်း မရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် ၄၇ မီတာအရှည်ရှိ အဆိုပါဒုံးပျံအား ထုတ်လုပ်နိုင်ရန် ယွမ် ၁ ဒသမ ၉၆ ထရီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ)ကျော် ရင်းနှီးမြှုပ်နှံခဲ့ရကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံသည် ဒုံးပျံနည်းပညာဖွံ့ဖြိုးတိုးတက်လာစေရန်အလို့ငှာ ၂၀၂၇ ခုနှစ်တွင် လေးကြိမ်ထက်မနည်း လွှတ်တင်မှုများပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၃၁၀ ထပ်မံတွေ့ရှိ

**ဆိုးလ် ဇွန် ၂၁**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၃၁၀ ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၂၈၉၃၇၃ ဦး ရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

ယမန်နှစ်အတွင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၇၇၁ ဦးအထိရှိခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးအေဂျင်စီက ပြောကြားသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၁၉၈ ဦးရှိခဲ့သည်။

နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၃၄၀၆၄ ဦးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူ ၂၄၄၆၃ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၃ တွင် ဖော်ပြခဲ့သော **“အမေရိကန်အား နျူကလီးယားအရေး ဆွေးနွေးပွဲသို့ ပြန်လည်တက်ရောက်ရန် အီရန်တိုက်တွန်း”** သတင်း၏ ပုံစာတွင် **၂၀၂၂ ခုနှစ်** အစား ၂၀၂၁ ခုနှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘာသာပြန်စာတည်း

# မှော်ဘီမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၂ သိန်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၂၁ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၂ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက် ည ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာ အမှတ်(၁)



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ရပ်ကွက်ရှိ အောင်မင်း၏နေအိမ်ကို သတင်းအရ ရှာဖွေရာ ခြံစောင့်ခင်မောင်ထွန်းနှင့် ကိုကိုနိုင်တို့နှစ်ဦးနှင့်အတူ နေအိမ်မှ သနပ်ခါးဘူးများ၊ ဆီးသီးထုပ်များနှင့် အုန်းသီးခြောက်များအတွင်း ထည့်သွင်းသိုဝှက်ထားသည့် ဒေသကာလတန်ဖိုးငွေကျပ် ၄ ဒသမ ၂၁ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၂ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများပိုင်ရှင် အောင်မင်းမှာ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့မကညင်တန်းကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၇၇၅၀ ပြား ဖမ်းဆီးရမိမှုမှ ကွင်းဆက်တရားခံပြေးတစ်ဦးဖြစ်၍ ၂၀၂၂ ခုနှစ် မေ ၁၆ ရက်တွင် မောင်တောမြို့မရဲစခန်း၌ ဖမ်းဆီးခံနေရသူဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရွှေကျင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရွှေကျင် ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ၂၀၂၂ခုနှစ် မိုးရာသီကာလ ဓမ္မဇျူဟာသာသနမာမကအဖွဲ့ သင်တန်းကျောင်းဝင်းအတွင်း၌ သစ်တောသစ်ပင်များစိမ်းလန်းစိုပြည်စေရေး၊ သစ်တောပြုန်းတီးမှုများ မဖြစ်ပေါ်စေရေးနှင့်ကာကွယ်ထိန်းသိမ်းနိုင်ရန် ရွှေကျင်မြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

**စိုက်ပျိုး**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမင်းသူနှင့်အဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးမင်းဟန်တို့က အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မီးသတ်တပ်ဖွဲ့များထံ ပျိုးပင်များပေးအပ်ပြီး တက်ရောက်လာသူများက သစ်ပင်များစိုက်ပျိုးကြသည်။

ရွှေကျင်မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ ဒေသအပူချိန်လျှော့ချနိုင်စေရန်နှင့် ဂေဟစနစ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်စေရန်အတွက် ကျွန်းပျိုးပင် ၇၀၀ နှင့် မန်ကျည်းပျိုးပင် ၇၀၀ စုစုပေါင်းပျိုးပင် ၁၄၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမင်းသူနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် သစ်တောဦးစီးဌာနမှဝန်ထမ်းများ စုစုပေါင်း ၄၀၀ ခန့်က စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၁**

ကျောက်တံတား မြို့နယ်၊ မိုင်းခတ်မြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၀ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ကျောက်တံတားမြို့နယ် အမှတ်(၈)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် သူရဝင်း(ခ)ဂနီကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၆ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းခတ်မြို့နယ် မိုင်းကာကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာအနီး မိုင်းခတ်–မိုင်းယန်း သွားကားလမ်းတွင် လုကြည်ကို ဆိုင်ကယ်တစ်စီးနှင့် အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း။

**သိမ်းဆည်းရမိ**

အလားတူ ဇွန် ၁၉ ရက် ညနေ ၆ နာရီခွဲတွင် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ယန်းကျောက်ကျေးရွာနေ အိုက်တစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်မြင့်ဦး၊ ဇော်လွင်ဦး၊ ဆန်းယိနှင့် အိုက်ယိတို့ ငါးဦးကို တွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကဝမြို့နယ်၌ မိုးရာသီ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ်အစီအစဉ် ကွင်းဆင်းဆောင်ရွက်

**ကဝ ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း ရက်သတ္တပတ် အစီအစဉ်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကဝမြို့နယ် အုန်းနဲ့ကျေးရွာရှိ တောင်သူ ဦးဌေးအောင်၏ မိုးစပါးစိုက်ပျိုး၍မရသော လယ်မြေတစ်ကေတွင် မိုးရာသီ တိရစ္ဆာန်အစာပင် သရုပ်ပြစိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။



အဆိုပါ သရုပ်ပြစိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးခြင်း၊ စိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးရဲကိုကိုက ကိုင်းကူး ကိုင်းဆက် နည်းပညာသရုပ်ပြခြင်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာကျော်ဇာနည်အောင်က တိရစ္ဆာန်အစာပင် (နေပီယာမြက်)နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသော တောင်သူများထံသို့ နေပီယာမြက်မျိုးများ ဖြန့်ဝေပေးပြီး တိရစ္ဆာန်အစာပင် (နေပီယာမြက်)များ သရုပ်ပြစိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မြို့အဝင် မိုးညို–မင်းလှသွားကားလမ်း မိုင်တိုင်အမှတ်၁၆/၇ နှင့်၁၇/၀ ကြား၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပွဲကို ဇွန် ၂၁ ရက်ကပြုလုပ်ရာ ပျိုးပင်ပေါင်း ၇၅၀ အား တပျော်တပါး စိုက်ပျိုးကြစဉ်။

**ကိုမင်း(မိုးညို)**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ “စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်း ငါးလုံး မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် ခရီးသည်တင်ယာဉ် မိုင်းစထိမှန်ပျက်စီးခဲ့သည့် ဖြစ်စဉ်” ခေါင်းစဉ်ဖြင့် ၂၂–၆–၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ မူလတန်းကလေးငယ်များအား စာသင်ကြားပေးနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများ၏ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် မူလတန်းပြ ကျောင်းဆရာတစ်ဦးသေဆုံးခဲ့သည့်ဖြစ်စဉ်”နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၁၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

○ **ရန်ကုန်တိုင်းဒေသကြီးမှ**

အထွက်နှုန်းကောင်း မိုးစပါး တစ်ကေလျှင် တင်း ၈၀ အထိ၊ ဒေသမျိုးစပါး တစ်ကေလျှင် ၆၈ တင်းအထိ ထွက်လေ့ရှိသော်လည်း စိုက်ပျိုးမြေနှင့် ရာသီဥတုပေါ်မူတည်ကာ စပါးအထွက်နှုန်း ပြောင်းလဲလေ့ရှိပြီး ယခုနှစ် စပါးစိုက်တောင်သူများသည် ဓာတ်မြေဩဇာ ဝယ်ယူသုံးစွဲမှုလည်း အဆင်ပြေမှုရှိသဖြင့် မိုးဦးကာလ စပါးစိုက်ပျိုးမှု အောင်မြင်မှုရှိကြောင်း သိရသည်။

ယမန်နှစ်က ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မိုးစပါးတင်းပေါင်း ၇၉၅၂၁၁၄၃ တင်း ထွက်ရှိခဲ့ပြီး အထွက်နှုန်းကောင်းစပါးတင်း ၁၀၀ လျှင် ငွေကျပ်ခုနစ်သိန်းမှ ခုနစ်သိန်းခွဲအထိ၊ ဒေသမျိုးစပါးတင်း ၁၀၀ လျှင် ငွေကျပ်ကိုးသိန်းမှ ၁၀ သိန်းအထိ ဈေးရရှိခဲ့သည့်အတွက် မိုးစပါးစိုက်တောင်သူများ အဆင်ပြေခဲ့သည်။

**သတင်း– ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး၊**

# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက် သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရလည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရလည်းကောင်း စစ်မှန်၍စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေး အတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက် နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက် နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မြို့နယ်အချို့၌ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့်နှင့် ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇွန် ၂၁**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့ လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက် နံနက် ၈ နာရီခွဲခန့်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပျဉ်ရေကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၏ ခြံစည်းရိုးအုတ်ခုံပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက အနာဂတ်လူငယ်များ၏ ပညာသင်ကြားမှုအား ဟန့်တားသည့် ခြိမ်းခြောက်စာတစ်စောင်ကို ထားရှိသွားကြောင်း သိရသည်။

အလားတူ ဇွန် ၂၀ ရက် နံနက် ၁၁ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် စည်ပင်သာယာရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲဝင်းအတွင်းရှိ အားကစားကွင်းနှင့် ခြံစည်းရိုး အုတ်တံတိုင်းကြား၌လည်းကောင်း၊ အားကစားကွင်း၏ အနောက်ဘက်၌လည်းကောင်း PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် အသံမိုင်း နှစ်လုံးတို့ပေါက်ကွဲခဲ့ပြီး အဆိုပါကျောင်း၌ ကျောင်းသား ကျောင်းသူ ၃၅၂ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အလားတူ ယနေ့ နံနက် ၆ နာရီခွဲခန့်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိပ်တော်ရပ်ကွက် ၂၆ လမ်း၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ နိုင်ငံခြားဘာသာတက္ကသိုလ်အား ၆၂ လမ်း အတိုင်း ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သမား အမျိုးသား နှစ်ဦးက လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ တက္ကသိုလ် ဝင်းအတွင်းရှိ နားနေဆောင်အပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အမိုးသွပ်ပြားများ ပေါက်ပြဲပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိပြီး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။




ညောင်လေးပင်မြို့နယ် ပျဉ်ရေကြီးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း၌ PDF အကြမ်းဖက်သမား လာရောက်ပို့ဆောင်သည့် ခြိမ်းခြောက်စာမှတ်တမ်းဓာတ်ပုံ။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာနေ ကျော်ဇေယျ(ခ) ကျော်မြတ်သူသည် ၎င်းအသုံးပြုသည့် "Kyaw Myat Thu" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက်နေ သဉ္ဇာလွင်(ခ)ဇာကြီးသည် ၎င်းအသုံးပြုသည့် "Zar Kyi" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပုဏ္ဏားစုရပ်ကွက် ပုဏ္ဏားစု(၁၈)လမ်းနေ မျိုးမျိုးနိုင်(ခ)မျိုးမျိုးခိုင်(ခ)ကတ္တီပါသည် ၎င်းအသုံးပြုသည့် "Myo Myo Khaing" Facebook အကောင့်၊ ဥဿာမြို့သစ် အမှတ်(၄)ရပ်ကွက် အမှတ်(၁၄/၅၀၇)နေ နွယ်နီအောင်သည် ၎င်းအသုံးပြုသည့် "Nwe Ni Aung" Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ ဆွေဇင်နှင်းသည် ၎င်းအသုံးပြုသည့် "Swe Zin Hinn" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၇၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၄၅ | ၂၃၃၀ | ၂၃၁၀ | ၂၄၀၀ | ၂၄၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၆၀ | ၂၃၆၀ | ၂၅၈၀ | ၂၇၇၅ |
| 95 Ron | ၂၃၇၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၃၀ | ၂၄၁၀ | ၂၅၀၀ | ၂၅၁၅ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၂၈၂၅ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၃၀ | ၂၇၃၅ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၅ | ၂၉၉၅ | ၂၉၆၅ |
| HSD (50 ppm) | ၂၇၂၀ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၀ | ၂၇၅၀ | ၂၈၆၅ | ၂၈၆၀ | ၂၇၅၅ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၀၂၀ | ၂၉၉၅ |
| HSD (10 ppm) | ၂၇၂၀ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၅ | ၂၇၈၅ | ၂၇၈၀ | ၂၇၅၀ | ၂၈၆၅ | ၂၈၆၀ | ၂၇၅၅ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၀၂၀ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၄၇ |
| 95 Ron | ၂၂၆၇ | ၂၃၄၆ |
| HSD (500 ppm) | ၂၅၇၂ | ၂၆၅၂ |
| HSD (50 ppm) | ၂၅၉၉ | ၂၆၈၁ |
| HSD (10 ppm) | ၂၅၉၉ | ၂၆၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်နားရောက်ရှိသဖြင့် သတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ကသာ ဇွန် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာပြီး စိုးရိမ်ရေမှတ်နားသို့ ရောက်ရှိလာသဖြင့် ပြည်သူများအား သတိပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

ကသာမြို့ သဖန်းကိုင်းရပ်ကွက် မြေအနိမ့်ပိုင်းတွင် ယနေ့နံနက် ၁၀ နာရီခွဲက မြစ်ရေဝင်ရောက်လာသောကြောင့် ကသာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထက်ဝင်းနှင့် အဖွဲ့ဝင်များ၊



ကသာမြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ဖြိုးသူနှင့် မီးသတ်ဝန်ထမ်းများ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျတို့က လိုအပ်သည်များကို ကူညီပေးခြင်း၊ သတိပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ရေကျော်နေသော ကားလမ်းများကို ပြည်သူများ အသွားအလာ အဆင်ပြေစေရေးအတွက် ကူညီဆောင်ရွက်ခဲ့သည်။

ဧရာဝတီမြစ်ရေမှာ ယနေ့ မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၁၀၃၂ စင်တီမီတာသို့ ရောက်ရှိနေပြီး ကသာမြို့၏ စိုးရိမ်ရေမှတ်မှာ ၁၀၄၀ စင်တီမီတာဖြစ်ကြောင်း ကသာခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**အေးမြသက်ထား**




☆ ကျောဖုံးမှ

ဘောလုံးရာသီအတွင်းက ပြောင်းရွှေ့ကြေးပေါင် ၉၇ ဒသမ ၅ သန်းနဲ့ ချယ်လ်ဆီးအသင်းဆီ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ယခုဘောလုံးရာသီအတွင်းမှာ အင်တာမီလန်အသင်းဆီ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ကစားလိမ့်မယ်လို့ ဖော်ပြထားတာဖြစ်ပါတယ်။

တိုက်စစ်မှူး လူကာကူနဲ့ ဒိုင်ဘာလာတို့ဟာ အင်တာမီလန်အသင်းက ခေါ်ယူဖို့ အဓိကပစ်မှတ်ထားနေတဲ့ ကစားသမားနှစ်ဦးဖြစ်တယ်လို့လည်း အင်တာမီလန်အသင်း အမှုဆောင်ချုပ် မာရော့တာက ဆက်လက်ပြောကြားခဲ့ပါတယ်။

ဒါ့ပြင် အင်တာမီလန်အသင်းဟာ ရိုးမားအသင်းမှ ကွင်းလယ်ကစားသမား ခီတာယန်နဲ့ အေဂျက်အသင်းမှ ကင်မရွန်းဂိုးသမား အန်ဒရီအိုနားနားတို့ကိုလည်း စာချုပ်ချုပ်ဆိုခေါ်ယူသွားဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။

ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ချယ်လ်ဆီးအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၁၅ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ပရီမီယာလိဂ်ပြိုင်ပွဲမှာတော့ ပွဲစဉ်စုစုပေါင်း ၂၆ ပွဲမှာ သွင်းဂိုးရှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက အီတလီစီးရီးအေဖလားရရှိနိုင်မယ့် အခွင့်အရေး ရရှိခဲ့ပေမယ့် ပွဲစဉ်တချို့မှာ ရလဒ်မကောင်းခဲ့တာကြောင့် မြို့ခံပြိုင်ဘက် အေစီမီလန်အသင်းရဲ့နောက်မှာ နှစ်မှတ်အကွာနဲ့ အမှတ်ပေးဇယား ဒုတိယနေရာနဲ့သာ ကျေနပ်ခဲ့ရတဲ့အသင်းလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

❖ ၂၀၂၃ မှ

ဆက်တိုက်ပါဝင်ခဲ့သော်လည်း ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲနှင့် နောက်ဆုံးကျင်းပသည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတို့တွင် ပါဝင်ခဲ့ခြင်းမရှိပေ။ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်းကို ပြန်လည်ထည့်သွင်းကျင်းပရန် စီစဉ်ထားသဖြင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင် ဦးဆောင်သည့်အဖွဲ့က သွားရောက်ဆွေးနွေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်သည် လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာခြင်းလုံးအသင်းများ ရွှေတံဆိပ်ရယူနိုင်ရေး ဆက်လက်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ကိုညီလေး**

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဇွန် ၂၁

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

မျိုးထွန်းသိန်းသည် ရေနံ့သာသို့လည်း မကြာခဏ ရောက်ဖူးလေပြီ။ ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ဆွေမျိုးရင်းချာလို ခင်မင်ရင်းနှီးခြင်းလည်း ရှိခဲ့လေပြီ။ ရေနံ့သာမှာ သူ၏ စားအိမ်သောက်အိမ်ပမာ ဖြစ်ခဲ့သည်။

သို့နှင့်အမျှလည်း သူသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ထူးခြားသော ဓလေ့တို့ကို မြင်ရသည်။ ဆန်းကြယ်သော အဖြစ်တို့ကို တွေ့ရသည်။ တစ်ဆက်တည်းမှာပင် ယင်းမိန်းမကြီးကို နားလည်နိုင်စွမ်းမရှိလောက်အောင် ဖြစ်ခဲ့ရသည်။ ဤသည်ကပင် သူသည် နန်းကိန္နရီအပေါ် ပိုမိုစိတ်ဝင်တစား ရှိလာစေခဲ့ပြန်သည်။ သာမန်ထက် ထူးခြားသော မိသားစုဖွဲ့စည်းပုံမျိုးဖြင့် နန်းကိန္နရီတို့မိသားစု ဖွဲ့စည်းထားသည်ဟု ထင်သည်။

အချိန်မရွေး၊ နေရာမရွေး တွေ့ဆုံနိုင်စွမ်းရှိကြပါလျက် သူတို့သည် ဆိတ်ကွယ်ရာ၌ တွေ့ဆုံရန် ဆန္ဒရှိကြသည်။ အင်းလျားကန်စပ်တွင် သူတို့၏ သီးသန့်ကမ္ဘာကို တည်ဆောက်လိုကြသည်။ ထိုနေရာကလေးကို မက်မောတွယ်တာ နေမိကြသည်။ အခြားမည်သည့်နေရာမှာ တွေ့ရတွေ့ရ သည်နေရာမှာ တွေ့ရခြင်းလောက် သာယာချမ်းမြေ့မှုရှိသည် မထင်ခဲ့ကြ။ သို့ဖြင့် မကြာခဏဆိုသလို အင်းလျားကန်စောင်းတွင် သူတို့နှစ်ယောက်ကို တွေ့မြင်ရမြဲ။

ပြည်လမ်းမှသည် အင်းလျား အထက်လမ်းဘက်သို့ ကားတစ်စီး ချိုးကွေ့ဝင်လာသည်။ ကားမှာ နန်းကိန္နရီ၏ကားပင် ဖြစ်သည်။ မော်တော်ကားရှေ့မီးရောင်သည် ကိုယ်ပေါ်သို့ ကျရောက်လာသည်။ နန်းကိန္နရီသည် မျိုးထွန်းသိန်းကို ကားမီးရောင်ဖြင့် မြင်ရမည်မှာ သေချာသည်။ သို့ရာတွင် သူမသည် မျိုးထွန်းသိန်းအနီးတွင် ကားကိုထိုးရပ်လာခြင်းမပြု။ မျိုးထွန်းသိန်းကို နှုတ်မဆက်။ ကားကို ဆက်လက်မောင်းနှင်သွားသည်။ ဆုံနေကျသရက်ပင်အရိပ်သို့ အရောက် မောင်းနှင်သွားသည်။

မျိုးထွန်းသိန်း လာလမ်းအတိုင်း ပြန်လျှောက်လာခဲ့သည်။

သူ သရက်ပင်အရိပ်သို့ရောက်သောအခါ နန်းကိန္နရီသည် သစ်မြစ်ဆုံတွင် ထိုင်မိနေပြီ ဖြစ်သည်။ သူရောက်လာသည်ကို လှည့်မကြည့်။ အဝေးသို့ ငေးနေဟန်တူသည်။ သူသည် အမျိုးသမီးနှင့် မလှမ်းမကမ်း ဝင်ထိုင်လိုက်သည်။ ရုတ်တရက် စကားမပြောဖြစ်သေး။

မျိုးထွန်းသိန်း စီးကရက်ကို ထုတ်ယူမီးညှိသည်။

"အရီ့အတွက် တစ်လိပ်မရဘူးလားဟင်"

နန်းကိန္နရီ၏စကားကို အံ့အားသင့်သွားရသည်။

"အရီ သောက်တတ်လို့လား"

ပြန်မေးသည်။

"သောက်တတ်တယ်လို့တော့ မဟုတ်ပါဘူး၊ သောက်ကြည့်ချင်လို့ပါ"

မျိုးထွန်းသိန်းသည် နန်းကိန္နရီအတွက် စီးကရက်တစ်လိပ် ထုတ်ယူမီးညှိပေးလိုက်သည်။

"ဆေးလိပ်သောက်တာဟာ တွေးစရာတွေနဲ့ ရင်မှာ ပြည့်သိပ်နေတဲ့ လူတစ်ယောက်အဖို့ အကောင်းဆုံးဖြေဆေးဆိုတာ ဟုတ်သလားကိုမျိုး"

နန်းကိန္နရီ စီးကရက်ကို လှမ်းယူရင်း ဆိုသည်။

"အရီ့ကို ဘယ်သူက ဒီတရားဟောလိုက်သလဲဟင်"

"ကြားဖူးသလားလို့ပါ"

အမျိုးသမီးသည် စီးကရက်ကို ရှိုက်ဖွာလိုက်သည်။ ချက်ချင်းမှာပင် မီးခိုးသီးကာ ချောင်းတဟွပ်ဟွပ် ဆိုးလာသည်။ မျိုးထွန်းသိန်းသည် သူ၏လက်မှ စီးကရက်ကို ဆွဲယူကာ လွှင့်ပစ်လိုက်သည်။

"အလကားပါ အရီရယ်။ အကျင့်မလုပ်စမ်းပါနဲ့။ ဒါက ဆေးလိပ်သောက်တတ်တဲ့ လူတွေရဲ့ ဆင်ခြေပါ။ အရက်သမားတွေဆိုရင်လည်း ဒီလိုပြောတတ်ကြတာပဲ"

"ကိုမျိုး အရက်သောက်တတ်သလားဟင်"

"တစ်ခါတလေပါ။ အပေါင်းအဖော်ကောင်းတဲ့ အခါမျိုးပါ၊ နေစမ်းပါဦး။ ကနေ့ အရီ ဘယ်လိုဖြစ်လာသလဲဟင်။ ဘာဖြစ်လို့ ဒါတွေကိုမေးနေရတာလဲ"

နန်းကိန္နရီထံမှ ရုတ်တရက် အသံထွက်မလာ။ သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်ကိုသာ တွေ့ရသည်။

ကားတစ်စီး၏ မီးရောင်ဖြင့် နန်းကိန္နရီကို မြင်ရသည်။ လေတိုးငွေ့လျက်ရှိသောကြောင့် ထုံးဖွဲ့ထားဟန်မတူသော ဆံပင်သည် ဖွာရရာ လွင့်နေသည်။ ဆံပင်သည် မျက်နှာကို ရစ်သိုင်းထားသည်။ မျက်နှာတစ်ပြင်လုံးကို သိုင်းယှက်ထားသည်။ ထို့ကြောင့်လည်း သူ၏ မျက်နှာအနေအထား မည်သို့ရှိသည်ကိုမမြင်သာနိုင်၊ မီးရောင်သည် ဖျတ်ခနဲကျရောက်လာပြီးနောက် ရုတ်ခြည်း ပျောက်ကွယ်သွားသည်။ သူတို့အပါးတွင် အမှောင်ပြန်လည်လွှမ်းမိုးလာသည်။

"ကိုမျိုး"

နန်းကိန္နရီ ခေါ်သည်။ မျိုးထွန်းသိန်း မထူးမိ။

"ကိုမျိုး"

ထပ်၍ခေါ်လာပြန်သည်။

အချိန်မရွေး၊ နေရာမရွေး တွေ့ဆုံနိုင်စွမ်းရှိကြပါလျက်
သူတို့သည် ဆိတ်ကွယ်ရာ၌ တွေ့ဆုံရန် ဆန္ဒရှိကြသည်။
အင်းလျားကန်စပ်တွင် သူတို့၏ သီးသန့်ကမ္ဘာကို တည်ဆောက်လိုကြသည်။
ထိုနေရာကလေးကို မက်မောတွယ်တာ နေမိကြသည်။
အခြားမည်သည့်နေရာမှာ တွေ့ရတွေ့ရ သည်နေရာမှာ တွေ့ရခြင်းလောက်
သာယာချမ်းမြေ့မှုရှိသည် မထင်ခဲ့ကြ။
သို့ဖြင့် မကြာခဏဆိုသလို အင်းလျားကန်စောင်းတွင်
သူတို့နှစ်ယောက်ကို . . .

"ဘာလဲအရီ"

"အရီ့ကို အဲလစ်အကြောင်း ပြောပြပါလားဟင်"

မျိုးထွန်းသိန်းသည် နန်းကိန္နရီကို နားမလည်နိုင်အောင်ရှိကာ အမှောင်ထဲမှာပင် စူးစိုက်ကြည့်နေမိသည်။

"သူ့အကြောင်း မကြားချင်ပါဘူးဆို၊ စိတ်မဝင်စားပါဘူးဆို"

"ဒါက ဟိုတုန်းကပါ၊ အခုတော့ အရီ သူ့အကြောင်းသိပ်ကို ကြားချင်တယ်။ သိပ်ကိုစိတ်ဝင်စားတယ်"

"ဒါပေမဲ့ ကိုယ်ကတော့ အဲဒီအကြောင်း မပြောချင်တော့ပါဘူး"

"ကိုမျိုးတို့ ယောကျ်ားကလေးတွေဟာ ဒီလိုပဲလားဟင်"

"ဘာကိုလဲ အရီ"

"ကိုယ် စိတ်ဝင်စားနေတဲ့အချိန်မှာ သူ့အကြောင်း မကြာခဏ ပြောချင်ပေမဲ့ စိတ်မဝင်စားတော့ဘူးဆိုတာနဲ့ တစ်ပြိုင်နက် ပြောဖို့ဝန်လေးတတ်ကြတာပဲလား"

"ဒီလိုမျိုးတော့ မဟုတ်ပါဘူးကွယ်။ တစ်ခါတုန်းက ဒီအကြောင်းပြောတော့ အရီ့စိတ်မှာ အနှောင့်အယှက် ဖြစ်ခဲ့ရတယ်မဟုတ်လား။ ဒါကြောင့် မပြောချင်တော့တာပါ"

နန်းကိန္နရီ စကားမဆက်ဘဲနေသည်။ မျိုးထွန်းသိန်းသည်လည်း စီးကရက်ကို ရှိုက်ဖွာနေလေသည်။

"အရီဘာဖြစ်လို့ အဲလစ်ရဲ့ အကြောင်းကို သိချင်လာရပြန်တာလဲဟင်"

မျိုးထွန်းသိန်းသည် စီးကရက်တိုကို ရေထဲသို့ လှမ်းပစ်ခြင်းနှင့်အတူ မေးလိုက်သည်။ သူ့အမေးကို နန်းကိန္နရီ မဖြေ။

"အရီ ရင်မောတယ် ကိုမျိုးရယ်"

သူသည် သည်စကားကိုသာ ညည်းညူသလို ရေရွတ်လိုက်သည်။ မျိုးထွန်းသိန်း သူနှင့် နီးကပ်သည်ထက် နီးကပ်အောင် တိုးလာသည်။

"အရီ ဘာဖြစ်နေတာလဲကွယ်"

သူသည်လည်း ညည်းညူသံဖြင့်ပင် မေးမိသည်။

အရီ့ကိုယ်အရီ ဘာဖြစ်နေမှန်းမသိဘူး ကိုမျိုး။ တစ်ခုခုဖြစ်နေတာတော့ အမှန်ပါပဲလေ။ အရီကိုယ်တိုင်သော်လည်းကောင်း၊ အရီနဲ့ ပတ်သက်လို့သော်လည်းကောင်း လောကကြီးမှာ တစ်စုံတစ်ခုဖြစ်နေတာတော့ အမှန်ပါပဲ။ ဘာတွေ ဖြစ်နေတယ်ဆိုတာကို အရီ့အနေနဲ့ မသိနိုင်တာပဲ ဖြစ်လိမ့်မယ်ထင်ပါတယ်"

"ကိုယ်တော့ ဒီလိုမထင်မိဘူး အရီ၊ ဘာမှ မဖြစ်ပါဘူး။ အခြေအနေဟာ ပုံမှန်အတိုင်းပါပဲ။ ပြီးတော့လည်း အရီ့အနေနဲ့ လောကကြီးမှာ အစစပြည့်စုံနေတာပဲဟာ။ အရီဟာ ကံကောင်းတဲ့ မိန်းကလေးတစ်ယောက်လို့ ထင်တယ်"

နန်းကိန္နရီသည် မျိုးထွန်းသိန်းဘက်သို့ လှည့်လိုက်သည်။

"အရီနဲ့ပတ်သက်လို့ ကိုမျိုး ဘာတွေသိထားသလဲဟင်"

"ဘာတွေ သိထားရမှာလဲ အရီရဲ့။ အရီဟာ လှတယ်။ ပညာတတ်တယ်။ ချမ်းသာတယ်၊ ကဲ … လောကကြီးမှာ ဒါတွေရှိနေမှ တခြားဘာလိုသေးသလဲဟင်"

"လွယ်လိုက်တာ ကိုမျိုးရယ်။ ဒီသုံးမျိုးတည်းနဲ့ လူ့ဘဝတည်ဆောက်လို့ ရစတမ်းလို့ အရီတော့ မထင်ပါဘူး။ အကယ်လို့ အဲဒီသုံးမျိုးနဲ့ ဖွဲ့စည်းထားတာကို ဘဝလို့ဆိုဦး အရီဟာ ဒါတွေအတွက်လည်း ရင်မောနေဦးမှာပါပဲ။ ခက်ပါတယ်ကိုမျိုးရယ်။ အရီဖြင့် ရင်မောတယ်။ အစစအရာရာအတွက် ရင်မောနေမိတယ်"

နန်းကိန္နရီ ကန်ဘက်သို့ လှည့်လိုက်သည်။ ရေပြင်၌ အရိပ်ထင်နေသော လမ်းမီးတိုင်မှ မီးလုံးကလေးများ၏ လှုပ်လီလှုပ်လဲ့အသွင်ကို ငေးကြည့်နေသည်။

အမှန်ပြောရရင်တော့ နန်းကိန္နရီ တကယ်တမ်း ရင်မောနေသည်။ ဘဝတစ်လျှောက်လုံးမှာ သည်အကြိမ် ရင်အမောရဆုံးပဲ ထင်သည်။ စင်စစ် ဘဝတစ်လျှောက်လုံးတွင် ရင်မောရသောအကြိမ်တို့ များစွာ ပေါ်ပေါက်ခဲ့ဖူးသည်။ ရင်မောဖွယ်အဖြစ်နှင့် အကြိမ်ကြိမ် ကြုံတွေ့ရဖူးသည်မှန်စေဦး အခါတိုင်းက သည်မျှ ရင်မမောစဖူး ထင်သည်။

ဆောင်းတို့သည် အခါတိုင်းနှစ်များကထက် အေးစမြဲ၊ နွေတို့သည်လည်း တစ်နှစ်ထက်တစ်နှစ် ပူစမြဲဟု လူတို့အစ ထင်ရောက်ကြသည်။ ထိုသို့ပင် ဖြစ်မည် ထင်ပါသည်။ လတ်တလော ခံစားရမှုသည် လွန်လေပြီးသောကာလက ခံစားရမှုထက် သာလွန်မြဲဖြစ်လိမ့်မည်လား မပြောတတ်။

အရာအားလုံးကို သတ္တုချကြည့်မိလေလျှင် ကိုကျော့မောင်ကိုပင် အပြစ်တင်ချင်နေသည်။ ကိုကျော့မောင်၏ ပယောဂကြောင့် သည်သို့ဖြစ်ရသည်ဟု ထင်သည်။ အကယ်၍ သူသာ ဆက်စပ်မလာပါလျှင် ကိုမောင်မောင်ဦးနှင့် ဆုံတွေ့ဖွယ်အကြောင်းမရှိ။ ယင်းသို့ဆိုလျှင်လည်း နန်းကိန္နရီတွင် လတ်တလော ရင်မောရမှုတို့ ပေါ်ပေါက်ခဲ့လိမ့်မည် မဟုတ်ချေ။

သို့ပေမဲ့ ကိုမောင်မောင်ဦးနှင့်ဆုံရမည်ဆိုစဉ်က အဘယ်မျှ ရင်ခုန်ရသည်၊ အဘယ်မျှ ဆန္ဒစောမိသည်၊ အဘယ်မျှ စိတ်နှလုံးဝယ် ပူနွေးရသည်ကိုလည်း အသိသားပင်။ သည်စဉ်က မြင်တွေ့ချင်သော ဆန္ဒပြင်းပြလှသောကြောင့် ချောက်ချောက်ချားချား တုန်တုန်လှုပ်လှုပ်ကြီးပင် ဖြစ်ခဲ့ရသေးသည်။

တကယ်တမ်း ဆုံတွေ့မိကြချိန်တွင်မူ အရာရာသည် ကြေကွဲဖွယ်ရာသာ လွှမ်းနေသည်ဟု ထင်သည်။ ကိုမောင်မောင်ဦး၏ လက်ခံဆုံတွေ့မှုမှာ အေးစက်စက်နိုင်သည်။ စိတ်မပါသလို ဖြစ်နေသည်။ ကြိုဆိုမှုမှာလည်း အသည်းနှလုံးမှ ပါသည်မထင်ရ။ လှိုက်လှဲမှုမရှိ။ ဤသည်ကို မြင်ရလေလျှင် နန်းကိန္နရီအမှန်ပင် စိတ်မကောင်းနိုင်အောင် ရှိရသည်။ စိုးရိမ်ထိတ်လန့်ရမှုများသည်လည်း ပေါ်ပေါက်ခဲ့လေသည်။

အထူးသဖြင့် မိမိ၏ပကတိဘဝ အခြေအနေကို ပြန်လည်ဆန်းစစ်ဖို့ ဖန်တီးလာသည်ထင်မိ၏။

မိမိအား ဒေါ်ရေနံ့သာခင်ခင်ကြီး မွေးစားခဲ့သည်။ ဤသည်မှာ မိမိသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရင်သွေး၏ ရုပ်ရည်သွင်ပြင်နှင့် တူညီသောကြောင့် ဖြစ်သည်။ သို့တိုင် နန်းကိန္နရီသည် မိမိကိုယ်ကို ရေနံ့သာခင်ခင်ကြီး၏ သမီးအရင်းအစစ်အမှန်ဟု ဝန်မခံရဲ၊ ယင်းသို့ ဝန်ခံရဲလောက်အောင် တိကျပြည့်စုံသော အထောက်အထားမရှိခဲ့။

အခြား တစ်စုံတစ်ယောက်ကမျှလည်း ထိုအဖြစ်ကို ထောက်ခံမှုမရှိ။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဖိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဖိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဖိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဖိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဖိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၂ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာတည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသောမျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါး ဧက ၁၁၆၄၅၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်



**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး၌ ဆန်စပါးစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ငါးနှစ်တာစီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိရာ စီမံကိန်းပထမနှစ်ဖြစ်သည့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးစပါးဧက ၁၁၆၄၅၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စိုက်ပျိုးသွားမည်ဖြစ်**

မိုးစပါးစိုက်ဧက ၁၁၆၄၅၀၀ စိုက်ပျိုးရန် လျာထားသည့်အနက်မှ တိုင်းဒေသကြီးအတွင်း စပါးစိုက်ပျိုးသော မြို့နယ်ပေါင်း ၁၇ မြို့နယ်၌ အထွက်ကောင်းမျိုး လေးမျိုးနှင့် ဒေသမျိုး လေးမျိုးကို ဧက ၃၃၂၃၃၀ တွင် စိုက်ပျိုးထားရှိပြီး ကျန်ဧက ၈၄၁၁၇၀ တွင် မျိုးကြဲစပါးနှင့် ပျိုးထောင်စပါး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ စပါးစိုက်တောင်သူများ စိုက်ပျိုးထားရှိပြီးသည့် ဧက ၃၃၂၃၃၀ တွင် မနောသုခ၊ သီးထပ်ရင်၊ မှော်ဘီ(၂)၊ ရေမောင်း၊ ရွှေဝါထွန်း စသည့် အထွက်နှုန်းကောင်းသော စပါးဧက ၁၂၆၅၅၀ နှင့် ငစိန်၊ ပေါ်ဆန်း၊ ကောက်ညှင်း၊ တောင်ပျံကျွဲ၊ ဘေးကျားကြီး၊ ဘေးကျားလေး၊ ခွံနီ၊ တောင်ပျံ စသည့် ဒေသမျိုးစပါး ဧက ၂၀၅၇၈၀ စိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၁၄ ကော်လံ ၄ သို့ ❍

## လူကာကူနဲ့ ဒိုင်ဘာလာကို ခေါ်ယူဖို့ အင်တာမီလန်အသင်း ဆွေးနွေးမှုပြုလုပ်



တိုက်စစ်မှူး လူကာကူ




တိုက်စစ်မှူး ဒိုင်ဘာလာ

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းဟာ ချယ်လ်ဆီးအသင်း တိုက်စစ်မှူး လူကာကူနဲ့ ဂျူဗင်တပ်အသင်းတိုက်စစ်မှူး ဒိုင်ဘာလာတို့ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိတယ်လို့ အင်တာမီလန်အသင်းအမှုဆောင်ချုပ် မာရော့တာက ပြောကြားခဲ့ပါတယ်။

ဘီဘီစီအားကစားသတင်းတစ်ရပ်ရဲ့ ဖော်ပြချက်မှာတော့ ဘယ်လ်ဂျီယံ တိုက်စစ်မှူးလူကာကူဟာ ပြီးခဲ့တဲ့

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ☆

## ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း ထည့်သွင်းကျင်းပနိုင်ရေး ဆွေးနွေးမှုများပြုလုပ်ရန် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အဖွဲ့ ထွက်ခွာ

**ရန်ကုန် ဇွန် ၂၁**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်း ထည့်သွင်းကျင်းပရန်အတွက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အကြံပေး ဦးပြည့်စုံမြင့်တို့ ဇွန် ၂၁ ရက်က ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

**အသေးစိတ်ဆွေးနွေးမှုများ ပြုလုပ်**

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင် ဦးဆောင်သည့်အဖွဲ့သည် ကမ္ဘောဒီးယားခြင်းလုံးအဖွဲ့ချုပ်နှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ Dr. Meas Sarin ၏ ဖိတ်ကြားချက်အရ သွားရောက်ခြင်းဖြစ်ပြီး လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပရန် စီစဉ်ထားသည့် ခြင်းလုံးအားကစားနည်းနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာ့ရိုးရာအားကစားနည်းဖြစ်သည့် ခြင်းလုံးအားကစားနည်းကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့ပြီး ၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲတို့တွင်

စာမျက်နှာ ၁၆ ကော်လံ ၄ သို့ ❖

ယနေ့ ဖတ်စရာ

## မြို့နယ်အချို့၌ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့်နှင့် ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

စာမျက်နှာ » ၁၅